


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားဆုံးမတော်မူသောတရားတော်

# မတရားကို၊ တရားနဲ့ မှနိုင်မယ်

ဟောကြားသည့်နေ့
၁၆ – ၃ – ၆၂

# ပြေဆေးငါးခွက်သောက်ပါ

၁၈၁

ဟောကြားသည့်နေ့
၄ – ၃ – ၆၂

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ဟောကြားဆုံးမတော်မူသောတရားတော်

# မတရားကို တရားနဲ့မှနိုင်မယ်

ဟောကြားသည့်နေ့
(၁၆-၃-၁၉၆၂)

စာမူခွင့်ပြုချက် အမှတ် - ၃၀၄/၂၀၀၂ (၆)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၄၃/၂၀၀၂ (၆)

အကြိမ် - ပထမအကြိမ်
အုပ်ရေ - ၂၀၀၀
ခုနှစ် - ၂၀၀၂ ခုနှစ်၊ ဇူလိုင်
တန်ဖိုး - (၅၀/-)

**ထုတ်ဝေသူ** ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဒေါ်နုနုဝင်း (မြ - ၀၆၆၅၆)
လောကပါလပုံနှိပ်တိုက်
အမှတ် (၈၄)၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

## မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏

## အမှာစာ

ဤတရားတော်များသည် ပရိသတ်ကြီးအား ဟောကြားခဲ့သော တရားတော်များ မဟုတ်ပါ။ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးသည် မန္တလေးမြို့သို့ ကြွတော်မူလျှင်၊ ကျောင်းဒကာ ဦးချစ်ဆွေ ကျောင်းအမ ဒေါ်မမတို့ နေအိမ်ဂေဟာကို ကျောင်းအမှတ်ပြု၍ သီတင်းသုံးတော် မူခဲ့ပါသည်။ ညစဉ် များပြားလှသော တရားနာပရိသတ်ကြီးအား တရားတစ်နာရီ ဟောကြားခဲ့ပါသည်။

(၁၆-၃-၆၂) နေ့တွင် ဟောကြားခဲ့သော **"မတရားကို တရားနဲ့မှ နိုင်မယ်"** နှင့် (၄-၃-၆၂) နေ့တွင် ဟောကြားခဲ့သော **"ဖြေဆေးငါးခွက် သောက်ပါ"** တရားတော်တို့မှာ နာရီဝက် တရားတော်များဖြစ်၍ ဦးချစ်ဆွေ ဒေါ်မမတို့ နှစ်ဦးအား နံနက်တိုင်း (၇) နာရီအချိန်တွင် သီးခြား ဆုံးမဟောကြားတော်မူသော တရားတော်များသာ ဖြစ်သဖြင့် အလွန်နာကြားရခဲပါသည်။

ကျောင်းဒကာ ကျောင်းအမ တပည့်ရင်းများ ဖြစ်ကြသည့် အလျောက်၊ မညှာမတာ ရင်းရင်းနှီးနှီး ဟောကြားတော်မူထားပါသည်။ ဆရာတော် ဘုရားက "အခု တရားဟာ၊ သူများ ဟောနေတယ် ဆိုတာ တစ်လုံးမှ မပါဘူး၊ မင်းတို့ အကြောင်း လင်မယားကိုပဲ ဟောနေတယ်လို့ ဆုံးဖြတ်ချက်ချ" ဆိုပြီး သီးခြား ဆုံးမတော် မူထားပါသေးသည်။

သူတော်ကောင်းရတနာ (၇) ပါး ပြည့်စုံကြပါစေ -

**အမှုဆောင်အဖွဲ့**

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားတော်မူအပ်သော တရားတော်

## ၁။ မတရားကို တရားနဲ့မှုနိုင်မယ်

ဟောကြားသည့်နေ့ (၁၆-၃-၆၂)

မနေ့က ကံအကြောင်းကို နားလည်လောက်ပါပြီ (တင်ပါဘုရား)၊ ကံမပြတ်ရင် ကံမပြတ်လို့ရှိရင်တဲ့၊ ကံအကျိုး ပေးနေလို့ရှိရင် ဒုက္ခသစ္စာ ဆက်သောကြောင့်၊ နိဗ္ဗာန် မရနိုင် ဆိုတဲ့ အကြောင်း မနေ့က နဝဘူတနသုတ် ဟောပြီးပါပြီ။

ဒီနေ့ဟာကတော့ကိုတဲ့ အနတ္တထင်လွယ် မြင်လွယ် အောင် ဟောတဲ့သုတ်လို့ဆိုပြီး၊ ဘုရားသခင် ကိုယ်တော်မြတ် ကြီးက ကွာတဲ့၊ မင်းတို့ တရားနာနေကြတဲ့ ခန္ဓာငါးပါးရှိတယ်၊ ခန္ဓာငါးပါးဟာ မင်းတို့ အရေးတကြီး မှတ်ဖို့ရာကတော့ တစ်ခုမှ ငါ့ဟာ မဟုတ်ဘူးလို့ မှတ်နိုင်ဖို့ အရေးဟာ မင်းတို့အရေး။

## တစ်ခုမှ ငါ့ဟာမဟုတ်ဘူးလို့မှတ်

ခန္ဓာငါးပါးတော့ ရှိပါတယ်တဲ့ တစ်ခုမှ ငါ့ဟာမဟုတ်ဘူးလို့ မှတ်နိုင်ဖို့ အရေးဟာ မင်းတို့အရေး၊ ဒါ နိဗ္ဗာန်ရောက်တဲ့ အရေးပဲ၊ တစ်ခုမှ ငါ့ဟာမဟုတ်ဘူး ဆိုတာ မှတ်ရမယ် (တင်ပါဘုရား)။

ကောင်းပြီဘုရားက ဒီလောက်ဟောတော့ ဆရာဘုန်းကြီးက ချဲ့ပေးရမယ်၊ တစ်ခုမှ ငါ့ဟာမဟုတ်ဘူးလို့ ဘုရားက ရှုခိုင်းတယ်၊ ရုပ်ကလေးပေါ်လည်း ငါ့ဟာမဟုတ်ဘူး၊ ဝေဒနာ ပေါ်လည်း ငါ့ဟာမဟုတ်ဘူး၊ သညာပေါ်လည်း ငါ့ဟာမဟုတ်ဘူး၊ စိတ်ပေါ်လာလည်း ငါ့ဟာမဟုတ်ဘူး၊ ဒီလိုချည်း ရှုပါလို့ ဘုရားကတော့ဖြင့် ပါဠိတော် ရိုးရိုးပဲ ဟောတယ်။

## ယုံကြည်ပြီးအလုပ်လုပ်မှ ခရီးပေါက်တယ်

အဲတော့ ဒကာဒကာမတွေ စိတ်ထဲမှာတော့ အခုနေတာကြီး ငါ့ဟာမဟုတ်ဘူးလို့ ပြောရမှာလား၊ ယုံသင့်မှ ယုံမှာဖြစ်နေတော့ ယုံထိုက်အောင် ကိုယ်က အလုပ်လုပ်တဲ့ အခါ ယုံကြည်ပြီးမှသာ အလုပ်လုပ်လို့ရှိရင် ခရီးပေါက်ပါတယ်။

ဒါကြောင့် ယုံသင့်တဲ့အကြောင်းတွေ ပြောလိမ့်မယ်လို့ အစ်မတို့က မှတ်ထားရမယ် (တင်ပါဘုရား)။

ကိုင်းဒါဖြင့် ပြောကြပါစို့တဲ့၊ ရုပ်ဆိုတာသည် နေ့လယ် ပူလာတော့ ခန္ဓာကိုယ်ကို စမ်းကြည့်တော့ ပူရုပ်ပဲ တွေ့ရတယ်၊ အင်း ဒီကတည်းက ဒါဥတုကြောင့် ဖြစ်တဲ့ရုပ်ပဲ၊ ကိုယ်လုပ်ထားတာ မဟုတ်ဘူးဟေ့။

## ဥတုကလုပ်ထားတဲ့ရုပ်

ဒါကြောင့်ဘုရားက ကိုယ်လုပ်ထားတာ မဟုတ်သောကြောင့် မင်းဟာ မဟုတ်ဘူးလို့ ရှုကွ ဆိုတော့၊ ဥတုက လုပ်ထားတဲ့ရုပ်ကို ကိုယ်ကသိထားမှ ဩော် ဒါ ဥတုက လုပ်ထားတဲ့ရုပ်ကို၊ ဒါကြောင့်ဘုရားက ငါ့ဟာ မဟုတ်ဘူးလို့ ကိုယ့်ခန္ဓာက ပူလာတဲ့အခါ ရုပ်ကပူလာတယ် ရှုပေး၊ ငါ့ဟာ မဟုတ်ဘူးလို့ ရှုပေးလို့ ဆိုတဲ့ ဥစ္စာဟာ၊ ရှုထိုက်ပါပေတယ်ဆိုတဲ့ ဉာဏ်ဟာ မောင်ချစ်ဆွေတို့ ရောက်ရတော့မယ် (တင်ပါဘုရား)။

အေးလာတယ်၊ မင်းတို့ကျတော့ တပေါင်းလချမ်းပြီ၊ အေးရုပ်တွေပဲ ပေါ်နေတယ်၊ ဒါဘယ့်နှယ်ကြောင့် အေးပါလိမ့် မတုံးလို့မေးတဲ့အခါကျတော့၊ ဩော် - ဥတုကြောင့်ပဲ၊ အေးဥတုကြောင့် အေးရုပ်ဖြစ်နေတာ၊ ဩော် ဒါကြောင့် ဘုရားက အေးရုပ်ပေါ်လာလည်း ငါ့ဟာ မဟုတ်ဘူးရှုဟေ့ . . . (တင်ပါဘုရား)။

ဆိုတော့ ဆရာဘုန်းကြီး အကူအညီနဲ့ ယူလိုက်တော့၊ ဘုရားက ငါ့ဟာမဟုတ်ဘူး ရှုခိုင်းတယ်ဆိုတော့ တိုနေတယ်၊ ခုတော့ ငါ့ဟာမဟုတ်ကြောင်း သူတစ်ပါး လုပ်ထားတာ သိလိုက်တော့၊ ငါ့ဟာမဟုတ်တဲ့ အဖြစ်ဟာ ရှင်းသွားပြီ (ရှင်းပါတယ်ဘုရား)။

တစ်ခါ ဝေဒနာလေးကြည့်ပြန်တော့၊ ခုလို ထိုင်နေကြတော့ အောက်ကမာတဲ့ ကြမ်းနဲ့ အပေါ်က ဖိတဲ့ရုပ်နဲ့ နှစ်ခုကြားဟာ နာတယ်၊ ယားတယ်၊ ပူတယ်၊ အိုက်တယ် ဆိုတော့ အောက်ကကြမ်းရယ် အပေါ်က အဖိဓာတ်ဆိုတဲ့ ပထဝီ ဓာတ်တွေနဲ့ ပေါင်းပြီး ဝေဒနာဖြစ်ပေါ်လာတယ်။

## ဝေဒနာငါ့ဟာမဟုတ်ဘူး

ဒီဝေဒနာဖြစ်လာတော့၊ ဩော် . . . မိမိလုပ်ထား သလား မေးတော့၊ အောက်ကကြမ်းကလည်း မခံနိုင်ဘူး ငါ့ကြောင့် သူနာတာ၊ ယားတာ၊ အပေါ်က ပထဝီဓာတ်တွေ ကလည်း ငါဖိထားလို့ သူတို့ နာတာ၊ ယားတာ၊ ကျဉ်တာ ကိုက်တာ၊ ခဲတာဆိုတော့၊ ဩော်. . . ဖေါဋ္ဌဗ္ဗအာရုံနဲ့ အပေါ်က ကိုယ်ရုပ်တွေကြောင့်၊ ပထဝီ ဖောဋ္ဌဗ္ဗအာရုံရုပ် တွေကြောင့် ထိခိုက်ပြီးဖြစ်တဲ့ ဝေဒနာကို၊ ဒါကြောင့် ဝေဒနာ ပေါ်လာလည်း ဘုရားက ငါ့ဟာ မဟုတ်ဘူးလို့ ရှုပော့။

ငါလုပ်ထားတာမဟုတ်တော့ ငါ့ဟာ မဟုတ်ဘူးလို့ ရှုရမှာ ဝန်လေးစရာမလိုပါဘူး (မလိုပါဘူးဘုရား) မလိုဘူးတဲ့၊ တစ်ခါ သညာလေးပေါ်ပြန်တော့ လှုပ်ခြောက်ကြောင့် ပေါ်လာတာ ဒီဟာက၊ လှုပ်ခြောက်နဲ့ ကိုယ်မျက်လုံးနဲ့ ပေါင်းမိပြီး ပေါ်လာတာ (တင်ပါဘုရား)။

ပေါ်လာတော့ မျက်လုံးကလည်း ကံကြောင့်ဖြစ်တဲ့ရုပ်၊ လှုပ်ခြောက်က ဥတုကြောင့်ဖြစ်တဲ့ရုပ်၊ ဥတုကြောင့်ဖြစ်တဲ့ရုပ်နဲ့ ကံကြောင့်ဖြစ်တဲ့ မျက်လုံးနဲ့ နှစ်ခုပေါင်းပြီးသကာလ ပြောလာတဲ့ ဥစ္စာဟာ သညာလေးပဲ။

ဒီသညာက ခုနင်က ပြောခဲ့တဲ့ မျက်လုံးနဲ့ လှုပ်ခြောက်နဲ့ ပေါင်းဖြစ်တာ၊ သူတို့နှစ်ခုလုပ်လိုက်လို့ သညာလေးပေါ် လာတာ (တင်ပါဘုရား) လှုပ်ခြောက်မပါဘဲနဲ့ဖြင့် ပြောမှာ မဟုတ်ဘူး။

## သညာပေါ်တိုင်း ရှုပေးပါ

မပြောပါဘူးတဲ့၊ အဲတော့ လှုပ်ခြောက်နဲ့ မျက်လုံးနဲ့ ပေါင်းပြီးလုပ်တာ ဒီသညာလေးက (မှန်ပါ) ဒါဖြင့် ဒီသညာ လေးက သူများလုပ်ထားတဲ့ သညာဆိုတာက ရှင်းသွားပြီ (ရှင်းသွားပါပြီ ဘုရား)။

အဲတော့ သညာ ပေါ်တိုင်းပေါ်တိုင်းလည်း ငါ့ဟာ မဟုတ်ဘူးလို့ ရှုလို့ ဘုရားက ဟောလိုက်တယ်၊ ခုတော့ဖြင့် ကိုယ်လုပ်တာ မဟုတ်တော့ ငါ့ဟာမဟုတ်ဘူးလို့ ရှုရတာ ဝန်လေးစရာမလိုပါဘူး၊ ငါ့ဟာမဟုတ်ဘူး ရှုရုံဆိုတဲ့ ဆုံးဖြတ်ချက်ဟာ ကျသွားပြီ (တင်ပါဘုရား) သဘောပါပလား (သဘောပါပါပြီဘုရား)။

စေတနာလေးက ပေါ်လာပြန်တယ် သင်္ခါရက္ခန္ဓာ၊ စေတနာဆိုတာ သင်္ခါရက္ခန္ဓာ၊ စေတနာလေးကလည်း ဘုရားမြင်မှ ပန်းဝယ်ချင်လာတယ်၊ ဩော်ဘုရားနဲ့ ဝမ်းထဲက မနောအကြည်နဲ့သွားတိုက်လို့ ပန်းလေးလှူဦးမှ ထင်ပါရဲ့ ဆိုတော့ စေတနာလေး ပေါ်လာတယ်။

## စေတနာလေးပေါ်ရင်ရှုပေးပါ

ဘုရားမရှိရင် မပေါ်လာပါဘူး၊ ဝမ်းထဲက မနောအကြည် မရှိလို့ရှိရင် အသေဖြစ်နေလို့ရှိရင် မပေါ်လာဘူး (တင်ပါဘုရား) ဒါဖြင့် ဒီလို လှူချင်၊ တန်းချင်၊ ပေးချင်၊ ကမ်းချင်တဲ့ စေတနာလေး ပေါ်လာတာလည်း၊ ဘုရားတည်းဟူသော ရူပါရုံနှင့် **မနောအကြည်တည်းဟူသော ဘဝင်နဲ့** တိုက်ပြီး ပေါ်လာတာ ဖြစ်တော့၊ ဒီစေတနာဆိုတဲ့ ဓမ္မအထူးလေးဟာ ငါလုပ်ထားတာ မဟုတ်ဘူး၊ ဒါကြောင့် သူပေါ်လာ

လို့ရှိရင် ငါ့ဟာမဟုတ်ဘူး ရှုပါ (တင်ပါဘုရား)၊ စေတနာသခ်ီ ရက္ခန္ဓာ ပေါ်လာရင်။

စိတ်ကလေး ဘယ်စိတ်ပေါ်လာလာ ပခုက္ကူသူနဲ့ ပေါင်းရင် ပခုက္ကူစိတ်ပေါ်လာတာပဲ၊ မိုးကုတ်သူနဲ့ ပေါင်းမိရင် မိုးကုတ်စိတ် ပေါ်လာတာပဲ ပေါ်လာတာပဲကွ။

ပေါ်လာတဲ့အခါကျတော့၊ ဒီစိတ်ကလေးဟာ သူ့ပင်ကို စိတ်လားလို့ မေးတော့ မဟုတ်ပါဘူး၊ ပခုက္ကူနဲ့ပေါင်းလို့ ပခုက္ကူစိတ် ဖြစ်လာတာ မိုးကုတ်သူနဲ့ ပေါင်းလို့ မိုးကုတ်စိတ် ဖြစ်လာတာ ဟုတ်ဘူးလားကွ (မှန်ပါဘုရား)။

အဲတော့ အာရုံနဲ့ ဒွါရနဲ့ တိုက်ဆိုင်လို့ ဖြစ်တာ၊ မနောဒွါရနဲ့ ပေါ့ကွာ ပခုက္ကူဟူသော အာရုံ၊ မိုးကုတ်တည်းဟူသော **အာရုံနဲ့ ကိုယ့်ဘဝင်အကြည်နဲ့ သွားတိုက်လို့ သူတို့နဲ့** ဆက်သွယ်တဲ့စကားတွေ ထွက်လာတာ၊ ပြောလိုတဲ့ စိတ်တွေ ထွက်လာတာ (တင်ပါဘုရား)။

## စိတ်ပေါ်တိုင်းရှုပေး

ဒီစိတ်ဟာက ဒါဖြင့် ကိုယ့်သန္တာန်ပင်ကို ရှိနှင့်တာလား၊ ယခု နှစ်ခုပေါင်းလို့လား မေးလိုက်တဲ့အခါ၊ နှစ်ခုပေါင်းလို့ ပေါ်လာတာဆိုတဲ့ အဖြေဟာ ထွက်သွားပြီ (တင်ပါဘုရား) ဒါဖြင့် ဒီစိတ်ပေါ်တိုင်း ပေါ်တိုင်း ငါ့ဟာမဟုတ်ဘူးလို့ ရှုရ လိမ့်မယ် (တင်ပါဘုရား)။

ဒီစိတ်ပေါ်တိုင်း ပေါ်တိုင်းကို ဘယ့်နှယ်ရှုကြမယ် (ငါ့ဟာမဟုတ်ဘူးလို့ ရှုရမှာပါဘုရား) ငါ့ဟာမဟုတ်ဘူး၊ ငါ့ဟာမဟုတ်ဘူးလို့ ရှုပေးပါလို့ဆိုတော့ "ဝိညာဏံ နတုမှာကံ" ဒီလိုရှုလိုက်တယ်တဲ့၊ ဝိညာဏံ = စိတ်သည်၊ နတုမှာကံ=ငါ့ဥစ္စာမဟုတ်ဘူးကွ ဒီလို ရှုပေးပါ၊ ငါ့ဟာ မဟုတ်ဘူး ငါ့ဟာမဟုတ်ဘူး၊ ရှုသာနေပါ။

ငါ့ဟာ ငါ့ဟာမဟုတ်ဘူးလို့ ရှုလိုက်ရင်ပဲ သူကသက်သေခံသွားတယ်၊ ပေါ်လာတာလည်း ငါ့ကြောင့် မဟုတ်ဘူး၊ ပျောက်သွားတာလည်း ငါ့ပယောဂ မပါဘူး၊ ပါသေးလား (မပါပါဘူး)။

## အကြောင်းတိုက်ဆိုင်လို့ ပေါ်လာတာ

မပေါ်တော့ကို ဒီမှာ စဉ်းစားကြည့်ပါလားတဲ့၊ ပေါ်တာလည်း ငါ့ပယောဂမပါ၊ ပျောက်သွားတာလည်း ငါ့လုံ့လဝီရိယမပါ၊ အကြောင်းတိုက်ဆိုင်လို့ ပေါ်လာပြီး၊ အကြောင်း ချုပ်ငြိမ်းရုပ်သိမ်းလို့ သူပျောက်ပျက်သွားတယ်။

အဲဒါကို သိလိုက်သဖြင့် စိတ်ပေါ်တိုင် ပေါ်တိုင်းနဲ့ ဝိညာဏံ နတုမှာကံ၊ ဝိညာဏံ = စိတ်ဆိုတဲ့ ဝိဉာဏ်သည်၊ တုမှာကံ=ခုတရားနာနေတဲ့ ပုဂ္ဂိုလ်နှစ်ယောက်တို့၏၊ နသန္တကံ =ဥစ္စာမဟုတ်ဘူး ဒီလိုရှုပါ။

စိတ်ကလေး ပေါ်လာတိုင်း ငါ့ဟာမဟုတ်ဘူး၊ ငါ့ဟာမဟုတ်ဘူးလို့ ရှုရမယ် . . . ရှင်းပလား (ရှင်းပါပြီဘုရား) စိတ်ပေါ်တိုင်း ပေါ်တိုင်း (ငါ့ဟာမဟုတ်ဘူး၊ ငါ့ဟာမဟုတ်ဘူးလို့ ရှုရမှာပါဘုရား)။

ကိုင်း ဒါဖြင့် တပည့်တော်တို့ ဘုရား - ဘုရားဟောတော်မူတဲ့အတိုင်း၊ ရုပ်ပေါ်လည်း ငါ့ဟာမဟုတ်ဘူးလို့ ရှုရမယ်၊ ဝေဒနာပေါ်လည်း ငါ့ဟာမဟုတ်ဘူး ရှုပ့်ါမယ်၊ သညာပေါ်လည်း ငါ့ဟာမဟုတ်ဘူး ရှုပ့်ါမယ်၊ စေတနာပေါ်လည်း ငါ့ဟာမဟုတ်ဘူး ရှုပ့်ါမယ်၊ စိတ်ဆိုတဲ့ ဝိညာဏက္ခန္ဓာ ပေါ်လည်း ငါ့ဟာမဟုတ်ဘူးလို့ ရှုပ့်ါမယ် . . .၊ တပည့်တော်တို့ ရှုပါပြီ။

## ဒီလိုရှုတော့ ဘာကျေးဇူးများသတုံး

ရှုတော့ ဘာကျေးဇူးရှိသတုံး ဒါလိုလာတယ် . . . (တင်ပါဘုရား) ရှုလိုက်ပြီတဲ့ ဘုရားခိုင်းတဲ့အတိုင်း

**ရုပ် ဘိက္ခဝေ နတုမှာကံ၊ ဝေဒနာ ဘိက္ခဝေ နတုမှာကံ၊ သညာ ဘိက္ခဝေ နတုမှာကံ၊ သင်္ခါရာ ဘိက္ခဝေ နတုမှာကံ၊ ဝိညာဏံ ဘိက္ခဝေ နတုမှာကံ။**

သင်တို့ ဥစ္စာ မဟုတ်ဘူး။ ငါ့ဥစ္စာမဟုတ်ဘူး၊ ငါ့ဥစ္စာမဟုတ်ဘူး၊ ငါ့ဥစ္စာမဟုတ်ဘူး ရှုပေးပါပြီ။

ရှုပေးတော့ ဘာကျေးဇူးများတုံးဆိုတော့ ဘုရားက ရုပ် ဘိက္ခဝေနတုမှာကံ၊ ဘိက္ခဝေ = ရဟန်းတို့ ရုပံ = ရုပ်တရားသည်၊ တုမှာကံ = မင်းတို့၏၊ နသန္တကံ = ဥစ္စာမဟုတ်ဘူး၊ သင်တို့ဥစ္စာ မဟုတ်ဘူးတဲ့ ရုပ်တရားပေါ်၌ ခင်တွယ်တဲ့ ဥစ္စာ၊ ပဇဟာထ = စွန့်ကြ၏။

ဩော် - ငါ့ဟာ မဟုတ်လို့ရှိရင် ဘယ်သူမဆို စွန့်လို့ ရတယ်၊ ငါ့ဟာ ဟုတ်လို့ရှိရင် မစွန့်နိုင်ကြဘူး၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ငါ့ဟာ မဟုတ်လို့ရှိရင် (စွန့်နိုင်ပါတယ် ဘုရား) ငါ့ဟာ ရယ်လို့ စွဲလန်းနေရင် (မစွန့်နိုင်ပါဘူးဘုရား)။

မစွန့်နိုင်ဘူးဆိုတာ သေချာတော့၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဘယ်ဟာဖြစ်ဖြစ် ငါ့ဟာမဟုတ်ဘူး၊ ငါ့ဟာမဟုတ်ဘူးလို့ ရှုဆိုတဲ့ဥစ္စာ၊ တဏှာသတ်ဟောတာလို့ မှတ်လိုက်စမ်းပါ (တင်ပါ) ။

## တဏှာသေတယ်

ဘယ်လိုမှတ်ကြမလဲ (တဏှာသတ်ဟောတာပါဘုရား) တဏှာသတ်ဟောတာဆိုတာ သေချာကြပလား (သေချာ ပါတယ်ဘုရား)။

ဒါဖြင့် ဒီတဏှာ သတ်လိုက်တော့ တဏှာသေလို့ရှိရင် တဏှာက ကျေးဇူးပြုမယ့် ဥပါဒါန်သေ၊ ဥပါဒါန်က ကျေးဇူးပြုမယ့် ကမ္မ (သေပါတယ်ဘုရား) ကမ္မကျေးဇူးပြုမယ့် ဇာတိ ဇရာ မရဏတွေရော (သေပါတယ်ဘုရား)။

## နိဗ္ဗာန်ဆုမတောင်းဘဲနဲ့ ပြည့်တယ်

ဪ ဒါဖြင့် ကံချုပ်တဲ့နိဗ္ဗာန်၊ တဏှာချုပ်တဲ့နိဗ္ဗာန်၊ ဥပါဒါန်ချုပ်တဲ့နိဗ္ဗာန် ဇာတိ၊ ဇရာ၊ မရဏ ချုပ်တဲ့နိဗ္ဗာန်၊ ဆုမတောင်းဘဲနဲ့ ပြည့်တယ် (တင်ပါဘုရား)။

ငါ့ဟာ မဟုတ်ဘူးလို့ ရှုလိုက်တာက ဆုမတောင်းဘဲနဲ့ ပြည့်အောင်လို့ ဟောတဲ့တရားဆိုတာ သေချာပလား (သေချာပါပြီဘုရား)။

ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ဒီလိုရှုပါ၊ ဒီလိုရှုပါ၊ ဒီလိုရှုပါကွ၊ ငါ့ဟာမဟုတ်ဘူး၊ ငါ့မဟုတ်ဘူးလို့ ပေါ်လာတိုင်း ရှုပါကွ ဆိုတဲ့သဘောသည် ဘယ်သဘောပါလိမ့် မတုံးလို့ ဆိုတဲ့ဥစ္စာ တဏှာသတ်ဟောတာ၊ ဥပါဒါန်သတ် ဟောတာ၊ ကံသတ်ဟောတာ ရှင်းပလား (ရှင်းပါပြီဘုရား)။

ဇာတိ၊ ဇရာ၊ မရဏ သတ်ဖို့ကို (ဟောတာပါဘုရား) ဟောဟာပဲ ဆိုတော့ ဪ သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာ အချုပ်ခိုင်းတာပါလား။

## သစ္စာနဲ့ဝေဖန်ပြောတယ်

တဏှာ၊ ဥပါဒါန်၊ ကံက သမုဒယသစ္စာ၊ ဇာတိ ဇရာ မရဏက ဒုက္ခသစ္စာ၊ ဩော် သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာကို ဒကာ ဒကာမတွေအား ချုပ်ပါစေတော့ဆိုတဲ့ စိတ်ထား ပြင်းပြပြီး သကာလ၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ပေါ်လာတာ ငါ့ဟာမဟုတ်ဘူး ရှုကွဆိုတဲ့ဥစ္စာ၊ အခု သစ္စာနဲ့ ဝေဖန်ပြော လိုက်တော့မှ လေးလေးနက်နက် အဖိုးတန်သွားပြီ (တင်ပါ့ ဘုရား)။

တဏှာ ဥပါဒါန် ကံက သမုဒယသစ္စာမှတ်လိုက်ပါ၊ ဇာတိ၊ ဇရာ၊ မရဏက (ဒုက္ခသစ္စာပါဘုရား) ငါ့ဟာ မဟုတ် ဘူးလို့ ရှုလိုက်သဖြင့် ဉာဏ်လေးက ဝင်လာတော့ တဏှာ ဥပါဒါန်ကံ မချုပ်ဘူးလား (ချုပ်ပါတယ်ဘုရား) အဲဒါ သမုဒယ သစ္စာချုပ်တာ (တင်ပါဘုရား)။

## ကရုဏာတော်ရှင်ကြီး

ဇာတိ ဇရာ မရဏ ချုပ်တာက ဒုက္ခသစ္စာ ချုပ်တာ (တင်ပါဘုရား) တကယ့် ကရုဏာတော်ရှင်ကြီးပါလား၊ တကယ့် လမ်းပြကောင်းကြီးပါလား၊ တကယ့် ဗုဒ္ဓဆိုတဲ့ နာမည်ထူးနဲ့ ကိုက်ပါပေတယ်၊ သစ္စာသိပြီး ဟောရှာတာကို၊ မကောင်းတဲ့ သစ္စာနှစ်ခုပယ်ကွလို့ အထူးပါးစပ်က မပြောပြားသော်လည်း

ပယ်ပြီးသားဖြစ်အောင် ဟောတဲ့နည်းပါလား ရှင်းပလား (ရှင်းပါပြီဘုရား)။

## ရန်သူသစ္စာနှစ်ခုပယ်ရမယ်

သမုဒယသစ္စာကို ပယ်ရမှာ၊ ဒုက္ခသစ္စာကို ပိုင်ပိုင်နိုင်နိုင် သိရမှာကို၊ မင်းတို့ကွာ ငါဟာမဟုတ်ဘူးလို့ ရှုတာ သမုဒယ သစ္စာပယ်ပြီးသား၊ ဒုက္ခသစ္စာသိပြီးသား ဖြစ်ပါတယ်။

ဆိုတော့ ဒီနေ့ နာရတဲ့ တရားဟာက သစ္စာ၊ မိမိတို့၏ ရန်သူသစ္စာနှစ်ခုကို ပယ်ပြီးသကာလ မိတ်ဆွေ သစ္စာနှစ်ခုနဲ့ အတူနေစေချင်တဲ့ သဘောပဲ (တင်ပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

ရန်သူသစ္စာနှစ်ခုကို ပယ်ကွ၊ မိတ်ဆွေသစ္စာနှစ်ခုနဲ့ နေ့ကွ (တင်ပါဘုရား) ဒါဟောတဲ့ သဘောရောက်သွားတယ်၊ (မှန်လှပါဘုရား) တယ်အဖိုးတန်ပါလား၊ အင်မတန် အဖိုး တန်ပါတယ်တဲ့ ရန်သူသစ္စာနှစ်ခုကို ပယ်ခွါလို့ ပါးစပ်က ထုတ်မပြောဘူး၊ ကိုယ့်ဟာမဟုတ်ဘူး ရှုလိုက်ရင် ပယ်ပြီးသား ဖြစ်သွားတာပဲ (တင်ပါဘုရား)။

ရုပ်ကလေးပေါ်လာ ကိုယ့်ဟာမဟုတ်၊ ဝေဒနာလေး ပေါ်လာ ရှုရှုပေး (တင်ပါဘုရား) ရန်သူ သစ္စာနှစ်ခု လာသေး ရဲ့လား (မလာပါဘူးဘုရား)။

## မိတ်ဆွေသစ္စာနှစ်ခုက ဘာတုံး

မိတ်ဆွေ သစ္စာနှစ်ခုက ဘာတုံးလို့ မေးတဲ့အခါကျမှ အရှုဉာဏ်က မဂ္ဂသစ္စာ၊ ငါ့ဟာမဟုတ်ဘူးလို့ သိတာက မဂ္ဂသစ္စာ လာဖြစ်တယ် (တင်ပါဘုရား) သဘောကျပလား (သဘော ကျပါပြီဘုရား)။

ငါ့ဟာမဟုတ်ဘူးလို့ ရှေးပိုင်းမှာ ချုပ်ပျောက်သွားတာတွေကလည်း နိရောဓတွေ ဖြစ်သွားတော့ နိရောဓတွေ့တာပဲ ဒုက္ခနိရောဓသွားတွေ့တယ် (မှန်ပါ)။

ရှေ့ပိုင်းက နိရောဓနှင့် မဂ္ဂရှုတဲ့ ပုဂ္ဂိုလ်၊ နိရောဓနဲ့ မဂ္ဂပေါ်ပြီး သမုဒယနဲ့ ဒုက္ခချုပ်သွားတယ် (တင်ပါဘုရား)။

## သစ္စာလေးပါးပေါ်တယ်

နိရောဓနှင့် မဂ္ဂပေါ်ပြီးတော့ (သမုဒယနှင့် ဒုက္ခချုပ်သွားပါတယ်ဘုရား) ဩော် တယ်အဖိုးတန်ပါလား ဆိုတဲ့ဥစ္စာ ဒီ့သန္တာန်မှာ ဘုရားပွင့်တယ်ဆိုတဲ့ဥစ္စာ ဒီတစ်လုံးရှုလိုက်တာနဲ့ သစ္စာလေးပါး ပေါ်လာတယ်။

ဒီတစ်လုံး ရှုလိုက်တာနဲ့ သစ္စာလေးပါး ပေါ်လာတော့၊ ဩော် သစ္စာလေးပါးကို တိုတိုနဲ့ လိုရင်းသိသလို သိရပါလို၏လို့ ဆုတောင်းနေလို့ သူမသိရဘူး၊ ငါ့ဟာမဟုတ်ဘူး ရှုလိုက်လို့ ရှုလိုက်လို့ရှိရင် တစ်ခါတည်း ပါလာတယ် ရှင်းပလား (ရှင်းပါပြီဘုရား)။

ငါ့ဟာမဟုတ်ဘူး ရှုလိုက်လို့ရှိရင်ဖြင့် ကိုယ်ပိုင်သစ္စာနှစ်ခု၊ ပယ်တဲ့သစ္စာနှစ်ခု ပေါ်ပြီ၊ ငါ့ဟာမဟုတ်ဘူး ရှုလိုက်ရင် (ကိုယ်ပိုင်သစ္စာ နှစ်ခု၊ ပယ်တဲ့သစ္စာ နှစ်ခု ပေါ်ပါပြီဘုရား)။

ကိုယ်ပိုင်သစ္စာနှစ်ခု၊ ပယ်တဲ့သစ္စာနှစ်ခုဟာ သူ့အလိုလို ပြီးသွားတယ်၊ ဒါကြောင့် **သစ္စာ ဝိနိမုတ္တော ဓမ္မောနာမ နတ္ထိ၊** ဘာဟောဟောကွာ ဆရာသမားက မသွင်းတတ်ရင် မပြောဘတ်ဘူး၊ မင်းတို့ ဝိပဿနာဉာဏ်သာ ဟောလို့ရှိရင် သစ္စာဟောနေတာပဲဆိုတာ ရှင်းသွားပြီ။

## ရှုတဲ့အခိုက်မှာ သစ္စာနှစ်ပါး

မပေါ်သေးဘူးလား (ပေါ်ပါပြီဘုရား) ဝိပဿနာဉာဏ်ဟောလို့ရှိရင် သစ္စာဟောနေတာပဲဆိုတော့ ဒီနေ့တော့ဖြင့် သစ္စာအဓိကထားဟောတဲ့နေ့ ဖြစ်နေတော့၊ အရှုခံရတာက ဒုက္ခ ချုပ်တာကို ရှုလိုက်၊ အရှုဉာဏ် မဂ္ဂသစ္စာ ဖြစ်တော့၊ ဩော် ရှုသောအခိုက်က သစ္စာနှစ်ပါး၊ အလိုလိုပယ်ပြီးသား ဖြစ်တာက သစ္စာနှစ်ပါး ရှင်းပလား (ရှင်းပါပြီဘုရား)။

## မဂ္ဂသစ္စာ

ရှုသော အခိုက်အတန့်မှာ (သစ္စာနှစ်ပါးပါဘုရား) ဒုက္ခရယ်၊ ဒုက္ခချုပ်တာကို မြင်လိုက်ရတယ်၊ မြင်လိုက်တာက မဂ္ဂ

သစ္စာ၊ ချုပ်တာက နိရောဓသစ္စာ၊ ဒုက္ခချုပ်တာ နိဗ္ဗာန်ကိုကွ (တင်ပါဘုရား)။

## နိရောဓသစ္စာ

ဒုက္ခလေး ချုပ်သွားတာက နိဗ္ဗာန် (တင်ပါဘုရား) ရှေ့တင်ချုပ်သွားတာပဲ ဖြစ်ပျက်ပြီးချုပ်တာ၊ အဲဒီ ချုပ်သွားတာက နိရောဓသစ္စာ၊ ငါ့ဟာမဟုတ်ဘူးလို့ သိလိုက်တာက မဂ္ဂသစ္စာ (တင်ပါဘုရား)။

သူတို့နှစ်ခုက ဒီလိုလုပ်နေတဲ့အတွက် ဟိုနှစ်ခုက ပေါ်ခွင့်မရပဲနဲ့ သမုဒယနဲ့ နောက်လာမယ့် ဒုက္ခက ပယ်ပြီးသား အထူးတလည် မင်းတို့ မလာကြနဲ့တော့၊ လောဘ ကျုပ်လျှော့ပါပြီ ပြောရတာ မဟုတ်ဘူး (တင်ပါဘုရား) ပြောရသေးလား (မပြောရတော့ပါဘူးဘုရား)။

မပြောပဲနဲ့ ပြီးတဲ့အလုပ်ပါ။ ရှင်းပလား (ရှင်းပါပြီဘုရား) အဲတော့ကွာတဲ့ ငါဘုရားသခင် ကိုယ်တော်မြတ်ကြီး မင်းတို့ကို ဥပမာလေးနဲ့ ပြောပါဦးမယ်။

## မြက်၊ သစ်ရွက်ခြောက်

ဒီဝတ္ထုမှာ ခန္ဓာ့ဝဂ္ဂသံယုတ်ပါဠိတော်၊ ဟောဒီ ဇေတဝန် ကျောင်းရှိတယ်ကွာတဲ့၊ ဇေတဝန် ကျောင်းထဲမှာရှိတဲ့ မြက်တွေ၊

သစ်ရွက်တွေကို တရားနာတဲ့ ပုဂ္ဂိုလ်တွေက ကျူးသွားကြမယ်၊ တချို့က မီးရှို့သွားကြမယ်။

တချို့ကလည်း ခြေထောက်တွေနဲ့ နင်းသွားကြတယ်၊ မင်းတို့ ဘေးက ကြည့်နေတဲ့ ရဟန်းတွေက ဘာများတုန်လှုပ်သေးတုံး၊ ကျူးသွားတဲ့ ပုဂ္ဂိုလ်အတွက်ကော မင်းတို့ တုန်လှုပ်သေးလား၊ မီးရှို့သွားတဲ့ ပုဂ္ဂိုလ်အတွက်ကော မြက်တွေနဲ့ ပတ်သက်လို့ မင်းတို့ တုန်လှုပ်သေးလား။

ခြေထောက်နင်းသွားတဲ့အတွက် သစ်ရွက်တွေ နင်းသွားရမလားလို့ မင်းတို့ ဘေးကကြည့်တဲ့ပုဂ္ဂိုလ်က တုန်လှုပ်သေးသလား၊ တဏှာနဲ့ပေါ့လေ "နိသိတသာစလိတံ" မလှုပ်ပါဘူး ဘုရား. . . တဲ့။

## ငါ့ဥစ္စာမဟုတ်လို့ မလှုပ်ဘူး

ဘာဖြစ်လို့ မလှုပ်တုံးဆိုတော့ အို ငါလည်း မဟုတ်၊ ငါ့ဥစ္စာလည်း မဟုတ်လို့ မလှုပ်ပါဘူးဘုရား (တင်ပါဘုရား)။

အေး . . . ဒီအတိုင်းကွ၊ ဇေတဝန်ကျောင်းရှိတဲ့ ပစ္စည်း မီးလောင်လို့လည်း မီးလောင်သွားလို့လည်း မင်းတို့မလှုပ်ဘူး၊ ခြေနင်းသွားလို့လည်း မင်းတို့ မလှုပ်ဘူး၊ ပွေ့ပိုက်ပြီး အပြင်ထုတ်သွားလို့လည်း မင်းတို့က မလှုပ်ရှားဘူး ဆိုတော့၊ မင်းတို့မှာတဲ့

တဏှာဒိဋ္ဌိ အမှီမရှိလို့ ဒီမြက်တွေ အပေါ်မှာ မလှုပ်သလို၊ မင်းတို့ ခန္ဓာကိုယ်ပေါ်မှာလည်း ပေါ်လာတိုင်း ငါ့ဟာ မဟုတ်ဘူး သိနေလို့ရှိရင်၊ မြက်တွေရဲ့ သဘောသို့ ဉာဏ်က ရောက်သွားတဲ့ အတွက်၊ တဏှာ၊ ဒိဋ္ဌိ မလာတော့ဘူး ကွတဲ့၊ သမုဒယသစ္စာ ချုပ်တယ်၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

သမုဒသစ္စာ ချုပ်သွားတယ်ကွတဲ့၊ အဲဒါကြောင့် မြက်သစ်ရွက်နဲ့ ဥပမာထားပြီး ငါဘုရားသခင် ကိုယ်တော် မြတ်ကြီးက မင်းတို့ ခန္ဓာကိုယ်ပေါ်မှာ ရုပ်နာမ် ဓမ္မတွေ ရှိတာ၊ မြက်သစ်ရွက်အတိုင်း ဉာဏ်ထဲက ထားပြီးသကာလ ငါ့မှာ ဖြစ်ရလေခြင်း ငါ့ထိတာ ကိစ္စမရှိဘူး၊ ငါ့သား ငါ့သမီးတွေ ထိတာ ငါ့ထိတာထက် နာသေးတယ်ဆိုတဲ့ အသွားမျိုး ဒါတွေ မလာပါနဲ့။

ဘာ့ကြောင့်တုံးတဲ့၊ မြက်သစ်ရွက် သဘောနဲ့ ဉာဏ်ထဲ မှာ ထင်နေလို့ရှိရင် လှုပ်စရာ မလိုပါဘူး၊ ဒါကြောင့် "နိဿိတဿ စလိတံ" ဆိုတာ မသွင်းမဖြစ်တော့ဘူး။

နိဿိတဿ = မြက်သစ်ရွက်ပေါ်၌ ငါ၊ ငါ့ဥစ္စာ လို့ ထင်နေတဲ့ ပုဂ္ဂိုလ်ဟာ၊ စလိတံ = မြက်သစ်ရွက်ကို ပွေ့ပိုက် သွားခဲ့သည်ရှိသော် နင်းချေသွားခဲ့သည် ရှိသော်၊ စလိတံ = လှုပ်သည်၊ ဟောတိ = ဖြစ်၏။

## ငါ့ဟာလုပ်ထားရင် လှုပ်တယ်

လူများ ထင်းကုန်တာက စပြီး လှုပ်တယ်၊ (တင်ပါဘုရား) နဂိုက မီးရှို့ဖို့ ထားတာပဲ၊ ငါ့ဟာလုပ်ထားတော့ ထင်းကုန်ပြန်ပြီ ဘယ့်နယ့်လုပ်များ ဆိုက်ကြတယ်မသိပါဘူး၊ ထင်းတစ်ချောင်းမှာ တဏှာဥပါဒါန် ကံပါနေတယ် (တင်ပါဘုရား) မပါဘူးလား (ပါပါတယ်ဘုရား)။

အဲဒါကြောင့် နိသိတဿ စလိတံဆိုတဲ့အသံဟာ ဘယ့်နှယ်ကြောင့် ထင်းတွေကုန်ပါလိမ့်မလဲဆိုတဲ့၊ တစ်ခါတည်း သံသယ ဝိစိကိစ္ဆာတွေ စိုးရိမ်ကြောင့်ကျမှုတွေ၊ ဒီလိုသာ ကုန်ရင် မခက်သေးဘူးလားဆိုတဲ့ သောက ပရိဒေဝတွေ မလာဘူးလား လာလား (လာပါတယ်ဘုရား)။

ဒါကြောင့် ထင်းတစ်ချောင်းမှာလည်း တဏှာ ဥပါဒါန် ကံ တစ်ချက်ပါလာတယ်၊ နောက်တစ်ချောင်းမှာလည်း (ပါပါတယ်ဘုရား) ဒါ "နိသိတဿ စလိတံ" ရိပ်မိပလားကွ (ရိပ်မိပါပြီဘုရား)။

ဘာတဲ့တုံး 'နိသိတဿ စလိတံ" နိသိတဿ = ထင်းတစ်ချောင်း တစ်ချောင်းပေါ်၌ ငါ၊ ငါ့ဥစ္စာလို့ မှတ်ထားတဲ့ ပုဂ္ဂိုလ်ဟာ၊ စလိတံ = ထင်းကုန်လို့ လှုပ်သည်၊ ဟောတိ = ဖြစ်၏။ မလာရပေဘူးလားကွ (လာရပါတယ်ဘုရား)။

အေး . . . ဒါကြောင့် ဘုရားက နှစ်သက်ရာ ဉပမာနဲ့ သူပြတယ်၊ မင်းတို့ ဇေတဝန်ကျောင်းထဲ မြက်သစ်ရွက်တွေ ရှိတယ် ရဟန်းတို့ တရားနာတဲ့ ပုဂ္ဂိုလ်တွေက ပွေ့ပိုက်သွားလည်း မင်းတို့ လှုပ်ဖို့မလိုပါဘူး၊ မီးရှို့သွားလည်း မင်းတို့မှာ လှုပ်စရာ မရှိပါဘူး၊ ဘာကြောင့်တုံး မင်းတို့ဟာ မဟုတ်လို့ မင်းတို့ မလှုပ်တာ မဟုတ်လား (ဟုတ်ပါတယ်ဘုရား)။

အဲဒီအတိုင်း ခန္ဓာကိုယ်ကလည်း မြက်သစ်ရွက် အတိုင်းပါပဲကွာ သေသေချာချာ စဉ်းစားတော့ ငါလုပ်ထားတဲ့ ငါ့ဥစ္စာဆိုတာ ပါကို မပါဘူး၊ ဆံတစ်ပင်တောင် မပါပါဘူးကွ ရှင်းပလား (ရှင်းပါပြီဘုရား)။

## သူများပစ္စည်း ကိုယ့်ပစ္စည်းလုပ်တယ်

သွားတစ်ချောင်း (မပါပါဘူးဘုရား) တစ်ကိုယ်လုံးမှာ ငါ၊ ငါ့ဥစ္စာဆိုတဲ့ဥစ္စာ အလကားနေရင်း ကြားဝင်ရှုပ်ပြီး သကာလ၊ သူများပစ္စည်း ကိုယ့်ဥစ္စာလုပ်လို့သာ လှုပ်ရခြင်း ဖြစ်ပါတယ်၊ သဘောပါပလား (သဘောပါပါပြီဘုရား)။

သူများပစ္စည်း ငါ့ဥစ္စာလုပ်လို့သာ လှုပ်ခြင်းဖြစ်ပါတယ် ဆိုတော့ကိုတဲ့ ကိုယ်က ခိုးလည်း ခိုးသေးတယ် သူများပစ္စည်းကို ကြောက်တော့လည်း သူခိုးက လူလိုလုပ်ပြီး အော်သေးတယ် ဆိုတဲ့စကားနဲ့ တယ်တူတယ်။

## သူခိုးက လူလို့အော်တယ်

သူများလုပ်ထားတာ ငါ့ဟာလုပ်တာ ခိုးတာ၊ ဒါပျက်စီးသွားတော့ လုပ်တယ်ဆိုတော့ သူခိုးက လူလို့ အော်နေတာနဲ့ မတူဘူးလား (တူပါတယ်ဘုရား)။

အဲဒီလောကထိအောင် ပုထုဇဉ် သန္တာန်တွေမှာ မိုက်လေးမိုက် ရင့်သန်နေတယ်ဆိုတာ ရိပ်မိပလား သူခိုးက လူအော်တာကွ၊ ရိပ်မိပလား (ရိပ်မိပါပြီဘုရား) သူခိုးက လူအော်တဲ့အလုပ်ကို ကြားရတဲ့ ပုဂ္ဂိုလ်မှာတဲ့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သွားကြားတယ်။

အင်း . . . ဘာဖြစ်နေပါလိမ့်မတုံး ခိုးတာကလည်းသူ၊ သူ့ပစ္စည်း ပျက်စီးတော့ ကိုယ်ကျိုးနည်းပါပေါ့လို့ အော်သေးတယ်၊ သူခိုးက လူဟစ်နေတာဟာ မောင်ချစ်ဆွေ လောကကြီးထဲမှာ အတော်များပါလားကွ (များပါတယ်ဘုရား) ရိပ်မိပလား (ရိပ်မိပါပြီဘုရား) အင်မတန်ဆိုးနေတယ်ဆိုတာ ပေါ်ပလား (ပေါ်ပါပြီဘုရား)။

ဒီလို နက်နက်နဲနဲ မသိလို့ရှိရင် အစ်မရေ ထအော်နေရတာ (တင်ပါဘုရား) ကြည့်လုပ်ကြနော် . . . ကိုယ့်ဟာ မဟုတ်တာတွေ ရှင်းပလား (ရှင်းပါပြီဘုရား) ဒို့အတွက် မဟုတ်ပါဘူးတောင် ထွက်လိုက်သေးတယ် ပြီးတော့လည်း ဒို့အတွက် ပြောတာ (တင်ပါ)။

ဒို့အတွက်မဟုတ်ပါဘူးတဲ့၊ သားအဖငါးယောက်ရှိတာပါ။ ဆရာသမားထည့်မှ ခြောက်ယောက်ရှိတယ်၊ ဒို့အရေးမကြီးပါဘူး၊ မင်းတို့ နောင်ရေးခက်မှာစိုးလို့၊ သူခိုးက လူလို့များ အော်နေလိုက်တာ မအော်ဘူးလားကဲ (အော်ပါတယ်ဘုရား)၊ ဉာဏ်နားနဲ့ထောင်ကြည့်မှ ကိုယ်မှားတာတွေပေါ်လာတယ် (တင်ပါဘုရား)၊ မပေါ်ဘူးလား (ပေါ်ပါတယ်ဘုရား)။

## ဉာဏ်နားနဲ့ထောင်ကြည့်ပါ

ဘာနဲ့ နားထောင်ရမတုံး (ဉာဏ်နားနဲ့ထောင်ရမယ်ဘုရား)၊ ဉာဏ်နားနဲ့ ထောင်ကြည့်တော့ မင်းကလည်း ရောမလိုက်နဲ့ဦးကွ၊ မင်းကလည်း ရောလိုက်တဲ့အခါ ပါလိုက်သေးတယ်။

မင်းတို့အသွားက ငါပြော ပြောစရာချည်း၊ မင်း-သူခိုးက အော်ပြန်ပြီ၊ ငါပြော ပြောစရာ၊ မိန်းမပို့ လျှာရှည်တာငါက ပထမတစ်ခေါက် နှစ်ခေါက်တော့ ကြည့်နေတယ်၊ ခုတော့ မင်းတို့လုပ်ပုံကိုက အချိုးမကျဘူး အစရှိသည်နဲ့ ဒီသူခိုးက အော်ပြန်တာပဲ၊ ရိပ်မိပလား (ရိပ်မိပါပြီဘုရား) အတော်ဆိုးနေတာ။

မသိဘူးတဲ့ ဖော်ပြောမှ သူခိုးက လူဟာစ်နေတာပါလားဆိုတဲ့ အမိပ္ပာယ်ရှင်းသွားတယ်ကွ၊ သို့မဟုတ်ရင် ရှင်းပါ့မလား။

## နေရာတိုင်းတရားဖြစ်ရမယ်

အဲတော့ တရားက အကွက်ကျတဲ့နေရာမှ ပါဠိတော်နဲ့ သုံးမှ သူဟာ အမှန်ရောက်တယ် (တင်ပါဘုရား)၊ ဒီအတိုင်း၊ တရားနာမှ တရားဆိုရင် မဟုတ်ဘူး (တင်ပါဘုရား)။

နေရာတိုင်း တရားဖြစ်ရမယ်၊ သဘောကျပလား၊ မတရားတော့ နေရာတိုင်း ဖြစ်ရဲတယ်၊ တရားတော့နေရာတိုင်း မဖြစ်ရဲဘူးဆိုတော့ ဒါမလွဲဘူးလား လွဲလား (လွဲပါတယ်ဘုရား)။

## မတရားကိုတရားနဲ့မှနိုင်မှာ

အဲတော့ မတရားကို တရားနဲ့မှ နိုင်မှာဖြစ်နေတော့ ပြောမယ်ကြံတိုင်း၊ ဆိုမယ်ကြံတိုင်း၊ အင်း. . . ဘာပြောမလို့ စဉ်းစားတာပါလိမ့်ဆိုတာ အကဲခတ်ပါဦး၊ သူခိုးက လူဟာစ်မလို့ လား၊ အမှန်ပြောမလို့လား၊ ဒီတစ်ခုကို အကဲခတ်ပါဦးကွ၊ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)၊ မင်းကော ရောလိုက်ရမှာလား မလိုက်ရဘူးလား (မလိုက်ရပါဘူးဘုရား)။

အတူတူမို့ အနူနူဖြစ်တယ်ဆိုတဲ့ ကလေးတွေပြောတဲ့ အမိပ္ပါယ်မျိုးရောက်သွားတယ် (တင်ပါဘုရား)၊ မရောက်ဘူး လား (ရောက်ပါတယ်ဘုရား)။

အဲဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သူဥပမာနဲ့ပြောတယ်တဲ့၊ ရဟန်းတို့ ဇေတဝန်ကျောင်းထဲရှိတဲ့ မြက်သစ်ရွက်တွေကို မီးလောင်သွားသည်ဖြစ်စေ၊ ယူသွားသည် ဖြစ်စေ မင်းတို့မှာ ဘာများ ထိခိုက်သေးတုံး။

## ကိုယ့်ခန္ဓာလည်းငါ့ဥစ္စာမဟုတ်

ဟာ . . . တပည့်တော်တို့ပစ္စည်းမှ မဟုတ်တာဘုရား၊ ဒါ ဘာမှ ထိခိုက်စရာမဟုတ်ပါဘူး။ ထို့အတူပဲတဲ့ ကိုယ့်ခန္ဓာ က ငါ့ဟာတစ်ခုမှ မပါတော့၊ ဟိုဟာတွေလည်း ငါ့ဥစ္စာမဖြစ်နိုင် ဘူး၊ ကိုယ့်ခန္ဓာမှ ငါ့ဥစ္စာမပါတော့ ကျန်တာ ငါ့ဥစ္စာ (မဖြစ်နိုင် ပါဘူး)။

အဲဒီဟာ ဒါဘာဟောနေတာတုံးလို့ မေးတဲ့အခါကျ တော့မှ နိဂုံးချုပ်လိုက်တဲ့အခါကျတော့ သစ္စာလေးပါးကို ပိုင်ပိုင် နိုင်နိုင်မသိသေးလို့ရှိရင် ရှုပ်နေမှာစိုးလို့ သစ္စာလေးပါး ပိုင်ပိုင် နိုင်နိုင် သိအောင် ဟောချလိုက်တယ်။

## ဒီတစ်လုံးပိုင်ရင်သစ္စာလေးပါးပိုင်သွားပြီ

ရှေ့ပိုင်းက ကိုယ်ပိုင်သစ္စာနှစ်ခု၊ နောက်ပိုင်းက ကိုယ် စွန့်ပစ်ရမယ့်သစ္စာနှစ်ခု၊ တစ်လုံးတည်း ပိုင်လို့ရှိရင် မင်းတို့ သစ္စာလေးပါးပိုင်သွားပြီ။

ငါ့ဟာမဟုတ်ကြောင်း တစ်လုံးတည်း ပိုင်လို့ရှိရင်၊ သစ္စာလေးပါးစလုံးမှာ ပယ်ရမယ့် သစ္စာပယ်ပြီးသား၊ သိမ်းထားရမယ့်သစ္စာကို သိမ်းပိုက်ပြီးသားဖြစ်သွားတော့တယ်ဆိုတော့ ဘုရားဘယ်လောက်ဉာဏ်ကြီးတယ် မပေါ်သေးဘူးလားကွ (ပေါ်ပါပြီဘုရား)။

ဒါဖြင့် နောက်ဘယ်လိုလုပ်ကြမှာတုံးလို့မေးတဲ့အခါကျတော့ ဟိုကိုပြောမယ့်ကြံရင် ကိုယ့်အရင်ကြည့်လိုက်၊ ဒီထဲငါ့ဟာများပါသေးရဲ့လား၊ ငါများပါနေသေးလားကြည့်ဦးမရှိတော့။

## ခန္ဓာထဲငါမပါဘူး

ကြည့်လိုက်တဲ့အခါကျတော့ ဒါပြင်ဘက်ကဟာတွေပဲ ငါ့ဉစ္စာ မဟုတ်ဘူး၊ ရိပ်မိပလား (ရိပ်မိပါပြီ)၊ ခန္ဓာထဲမှာ ငါလုပ်တာလို့ တစ်ခုမှ မပါဘဲ၊ ခန္ဓာထဲငါမပါတော့ ဘေးကဟာလည်း ငါ့ဉစ္စာလုပ်လို့ (မဖြစ်ပါဘူးဘုရား)။

အခုတော့ဖြင့် ဒကာ ဒကာမတွေက ခန္ဓာကငါ၊ ဘေးကဟာတွေက ငါ့ဉစ္စာဆိုတော့ကိုတဲ့ ခုနင်က ငါ့ဉစ္စာမဟုတ်ဆိုတဲ့ သမ္မာဒိဋ္ဌိက မလာဘဲနဲ့ မိစ္ဆာဒိဋ္ဌိက ဝင်လာတော့ ဒိဋ္ဌိ၊ ဒိဋ္ဌိပါဒါန် ဒိဋ္ဌိအုပ်ချုပ်တဲ့ကံ၊ ပြီးတော့မှ ဇာတိ ဇရာ မရဏာ လှည့်သွားတော့ ပယ်ရမယ့် သစ္စာနှစ်ခု သိမ်းပိုက်ပြီးသား ဖြစ်သွားတယ် (တင်ပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

ပယ်ရမယ့် သစ္စာနှစ်ခု (သိမ်းပိုက်ပြီးသားဖြစ်သွားပါတယ်ဘုရား)။ သိမ်းပိုက်ပြီးသားဖြစ်သွားတော့ သမုဒယသစ္စာ သိမ်းပိုက်လိုက်တော့ ဒုက္ခသစ္စာကိုယ်ပိုင်ရတယ် (တင်ပါဘုရား)။

သမုဒယသစ္စာ သိမ်းပိုက်လိုက်တော့ (ဒုက္ခသစ္စာကိုယ်ပိုင်ရပါတယ်ဘုရား)၊ ဒါဖြင့် ပယ်ရမှာ မင်းတို့က အရသိမ်းနေတဲ့ အဓိပ္ပာယ်မရောက်ဘူးလား (ရောက်ပါတယ်ဘုရား)။

ပယ်ရမှာ အရသိမ်းနေလို့ရှိရင် ကိုယ်ကျိုးတော့ လှလှကြီး နည်းတော့မှာပဲ၊ မဆိုထိုက်ဘူးလား (ဆိုထိုက်ပါတယ်ဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

## ကိုယ့်ခန္ဓာကိုပြန်ကြည့်ပါ

ဒါဖြင့် ဘာပဲပြောမည်ကြံကြံ၊ ဘာပဲဆိုမည်ကြံကြံ၊ ဘယ်ဟာလေးပဲ သိမ်းဆည်းမည်ကြံကြံ မင်းက ခန္ဓာပြန်ကြည့်လိုက်ပါဦး၊ စိုးရိမ်ကြောင့်ကျမယ် စိတ်ကူးရင်ပေါ့ကွာ (တင်ပါဘုရား)။

မလွဲသာလို့ ဝေယျာဝစ္စကျတော့ မဆိုလိုပါဘူး၊ ဝေယျာဝစ္စကို မဆိုလိုပါဘူး၊ ဒိဋ္ဌိဝင်လာတဲ့အခါဆိုတာပါ၊ ဝေယျာဝစ္စ

က ဘုရားကဟောထားတယ် ဝေယျာဝစ္စက သီလပါကွာ (တင်ပါဘုရား)၊ မပျက်စီးတာ မပျက်စီးအောင်လုပ်၊ ဘုရားပစ္စည်း၊ သံဃာ့ပစ္စည်းဟုတ်လား (တင်ပါဘုရား)။

ဒါကို မပျက်စီးအောင် သိမ်းဆည်းတာတော့ ဝေယျာဝစ္စသီလပဲပေါ့ကွာ၊ အခုဟာက မင်းတို့ဒီလိုမဟုတ်ဘူး ငါ့ဥစ္စာလေးထိ မခံနိုင်ဘူးဆိုတာက ဒီဥစ္စာကတော့ကွာတဲ့ မသိမ်းပိုက်ရမယ့်သစ္စာနှစ်ခု သိမ်းပိုက်နေလို့ မင်းတို့မှာ ဒုက္ခလှလှရမှာစိုးလို့ ခန္ဓာကို ဘာပြောမယ်ကြံကြံ၊ ဘာဆိုမယ် ကြံကြံ၊ ဒိဋ္ဌိတဏှာနဲ့ ပြောမယ်ကြံလို့ရှိရင်၊ ခန္ဓာကို ငါ့ဟာမဟုတ်ကြောင်း၊ အရင်သိအောင် လုပ်လိုက်ပါ၊ ပေါ်ပလား (ပေါ်ပါပြီ ဘုရား)။

## ခန္ဓာကို ငါ့ဟာမဟုတ်ကြောင်း အရင်သိအောင် လုပ်ပါ

ဘာအရင်သိအောင်လုပ်ရမတုံး (ခန္ဓာကို ငါ့ဟာမဟုတ်ကြောင်း အရင်သိအောင်လုပ်ရမယ်) သိအောင်လုပ်လိုက်တဲ့အခါကျတော့ ဟိုဟာတွေ ရှင်းပြီးသွားတယ်၊ ပြင်ဘက်ကဟာတွေကော ဘယ့်နှယ်နေကြတုံး (ရှင်းသွားပါပြီဘုရား) ငါ့ဥစ္စာဟုတ်သေးရဲ့လား (မဟုတ်တော့ပါဘူး)။

ငါမရှိလို့ရှိရင် ငါ့ဥစ္စာရှိသေးရဲ့လား (မရှိတော့ပါဘူး) အဲဒါကြောင့် ပယ်သစ္စာနှစ်ခုကို သိမ်းပိုက်တဲ့သစ္စာမဖြစ်အောင်လို့ ဒီသုတ်ကို ဘုရားဟောတော်မူတယ်ဆိုတဲ့ဥစ္စာ ဒကာဒကာမတို့ ရှင်းလောက်ပါပြီ (ရှင်းပါပြီဘုရား)။

ကဲ - တော်ပြီ။

သာဓု . . . သာဓု . . . သာဓု။

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားဆုံးမတော်မူသော တရားတော်

# ၂။ ပြေဆေးငါးခွက်သောက်ပါ
# (ပီယ၊ သာတ)

ဟောကြားသည့်နေ့ (၄-၃-၆၂)

အစလေးတော့ မနေ့က အဆက်နဲ့ ပြန်ဆက်လိုက်တာပေါ့ကွာနော် (တင်ပါဘုရား)။ ရဟန်းတို့ ခန္ဓာကိုယ် သုံးသပ်ကြရဲ့လားလို့ မေးတဲ့အခါကျလို့ရှိရင်ဖြင့်တဲ့၊ ရဟန်းတစ်ပါးက သုံးသပ်ပါတယ်ဆိုတော့ (၃၂) ကောဋ္ဌာသ သုံးသပ်တဲ့အကြောင်းလျှောက်တော့ ဘုရားက မကျေနပ်လို့ သစ္စာသုံးသပ်မှ ကျေနပ်တယ်လို့ မှတ်ထားရမယ် (တင်ပါဘုရား)။

## ခန္ဓာရှိလို့အိုမှု၊ သေမှုလာတာ

အဲဒီ သစ္စာသုံးသပ်တော့ ကဲဒါဖြင့် မင်းတို့ နာကြကွာ ငါသေချာသုံးသပ်ပုံ၊ မင်းတို့ဟာမင်းတို့ နေ့တိုင်း သုံးသပ်ဖို့ရာ အရေးငါပြောပြမယ်ဆိုပြီး သကာလ၊ သတ္တဝါ သန္တာန်မှာ အိုမှု သေမှုဆိုတဲ့ ဒုက္ခသစ္စာနှစ်ခုဟာ၊ လူ ခန္ဓာရှိရင် ဆက်သွယ်နေတာပဲကွာ ရှိနေတာပဲ၊ ဒီအိုမှု သေမှု ဘယ်ကလာတယ်ဆိုတဲ့ ဥစ္စာ၊ မင်းတို့က အကြောင်းရှာဖို့ရာကို နောက်ဆုတ်တွေးပါ ဆိုတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သူက အဖြေထုတ်လိုက်ပါတယ်။ ခန္ဓာရှိလို့လာတာ (တင်ပါဘုရား)။

## ခန္ဓာဘယ်ကလာသတုံး

အိုမှု၊ သေမှုဟာ ခန္ဓာရှိလို့လာတယ်မှတ်လိုက်တာပေါ့၊ ဒီခန္ဓာဘယ်ကလာသတုံးလို့ တစ်ခါဆက်ကြည့်လိုက်ပြန်တော့ ဘုံဘဝ လိုချင်တဲ့တဏှာက လာတာ၊ ဩော်-ဒါဖြင့် ခန္ဓာ၏ လက်သည်လည်းတွေ့ပါပြီ တဏှာ၊ ဒီတဏှာကလည်း မိုးပေါ်ကျမဟုတ်ပါဘူး၊ အလိုလိုပေါ်တယ်လို့မယူပါနဲ့ ပီယသာတဖြစ်တဲ့ အာရုံကြောင့် ပေါ်လာတာပါ ရှင်းကြပလား (ရှင်းပါပြီဘုရား)။

## ခင်တာ၊ နှစ်သက်တာ

ပီယသာတ၊ ပီယ-ဆိုတာ ခင်တာ၊ သာတ-ဆိုတာ နှစ်သက်တာ၊ အဲတော့ နှစ်သက်တဲ့ အာရုံ၊ သာယာတဲ့အာရုံ၊ ဒီအာရုံကြောင့် တဏှာဖြစ်တယ်၊ ဒီတဏှာကြောင့် ခန္ဓာဖြစ်တယ်၊ ခန္ဓာဖြစ်လို့ အိုသေတွေ့တယ်။

ဆိုတော့ ကိုတဲ့ အရင်းတော့ဖြင့် ယနေ့တွေ့ပြီလို့မှတ်ရမယ်၊ ဩော် ပီယသာတ ဖြစ်တဲ့တရားဟာ တဏှာဖြစ်ခြင်း၏ အကြောင်းလို့ မှတ်ရမယ် (တင်ပါဘုရား)၊ ပီယသာတဖြစ်တဲ့ အာရုံဟာ (တဏှာ၏ဖြစ်ခြင်းအကြောင်းပါဘုရား)၊ တဏှာဖြစ်ခြင်းအကြောင်းလို့မှတ်ပါတဲ့။

## ဘုရားပေးတဲ့ဥပမာ

အဲတော့ကွာတဲ့ ငါဘုရားသခင်ကိုယ်တော်မြတ်ကြီး ဥပမာနဲ့ မင်းတို့ဟောပါ့မယ်တဲ့၊ လူတစ်ယောက်ဟာကွာတဲ့ အင်မတန် မောပန်းလာတယ်၊ အင်မတန် မောပန်းလာလို့ ရေငတ်တယ်ကွ၊ ရေငတ်တဲ့အခါကျတော့ကိုတဲ့ အရက်ခွက်နဲ့ အရက်ထည့်ထားတာတွေ့တယ်ကွာတဲ့၊ တွေ့တဲ့အခါကျတော့ အဲဒီနား လူကောင်းတစ်ယောက်လည်းရှိတော့၊ ငါ့လူ မင်းကလည်းမောပန်းလာတော့ သောက်ချင်မှာပဲ၊ ထိုအရက်ခွက်ကို သောက်ချင်ပြားသော်လည်း ဒီအရက်မင်းအဆိပ်နဲ့

ရောထားတယ်၊ အဲတော့ သောက်လို့တော့ ကောင်းမှာတော့ ဖြင့် ငါမကောင်းဘူးလို့မပြောပါဘူး၊ ကောင်းမှာကေနိပါပဲ၊ သို့သော် မင်းသောက်လည်းပြီးရော မကြာခင်ပဲ သေပွဲဝင်ရလိမ့် မယ်လို့ အနားက သူတော်ကောင်းတစ်ယောက်က ပြော ပါတယ် (တင်ပါဘုရား)။

## အရက်ခွက်တွေက သား၊ လင်၊ ခင်ပွန်း

အဲတော့ သူဘယ်လိုဖြစ်လာကြလိုက်သတုံးလို့မေးတဲ့ အခါကျတော့ ဒါက ဥပမာအဖြစ်နဲ့ ဘုရားက ဟောလိုက်တာ ပါ (တင်ပါဘုရား)၊ ဥပမေယျကတော့ကိုတဲ့ မိမိတို့သားလင် ခင်ပွန်း၊ သမီး၊ ဒါတွေဟာ အရက်ခွက်တွေပဲ။

သွားပြီးသကာလ ခင်တဲ့မင်တဲ့သဘောနဲ့ ပုထုဇဉ် မိုက်က သောက်မိတယ်ကွာ၊ဘာဖြစ်လို့ သောက်မိသတုံး ဆိုတော့ သူက ဘဝများစွာ သံသရာက ဝေတ်လာခဲ့တာကွ၊ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

## ခရီးပန်းတဲ့လူနဲ့တူ

ဘဝများစွာ သံသရာက (ဝေတ်လာခဲ့တာပါဘုရား) ဘယ်တော့မှ ဝသေခဲ့တဲ့ဘဝကမရှိတော့ ဝေတ်လာတော့ သူက ခုန ခရီးပန်းတဲ့လူနဲ့ အတူတူ ဖြစ်နေတယ် (တင်ပါဘုရား)။

အဲတော့ သူသည်ကားလို့ဆိုရင်ဖြင့်တဲ့ ဒီတွေ့ရာ အာရုံကို တစ်ခါတည်း ဒါ ဒီဘဝမှာတွေ့တဲ့ခင်ပွန်းနဲ့ဟာ အားကိုးစရာပဲ၊ ကိုးစားရာပဲ၊ ခင်စရာမင်စရာပဲ၊ ဒီဘဝမှာ မွေးထားတဲ့သားသမီးလေးတွေလည်း၊ ဟာ ခင်စရာ မင်စရာ ကြင်နာစရာ၊ သာယာစရာလေးတွေပဲဆိုပြီး သူ့မှာ သောက်မိ မျိုမိပါတယ်တဲ့၊ ဝမ်းထဲဒီအဆိပ်တွေ ရောက်ပါတယ်တဲ့၊ ပီယသာတကြောင့် (တင်ပါဘုရား)။

## ဆရာသမားနဲ့တူတယ်

တော်တော်ကြာကျတော့ကွာတဲ့ သားပူ၊ သမီးပူ၊ လင်ပူ ဆိုတာတွေဟာ တစ်ခါတည်းရောက်တော့တာပဲတဲ့၊ ဒါ မသောက်ရင် မဖြစ်ပါဘူးကွတဲ့၊ အဲတော့ ဆရာသမားဆိုတာ က ဘာနဲ့တူသတုံးဆိုတော့၊ ခုနက မောလာတဲ့လူကို အရက် သောက်မယ်လို့လုပ်နေတော့ ငါ့လူကြည့်လုပ်၊ အဲဒီအရက်ဟာ သောက်လို့တော့ ကောင်းမှာအမှန်ပဲ၊ သို့သော် အဆိပ်နဲ့ရော ထားတယ်ကွ၊ တော်ကြာ ခဏလေးနေတဲ့အခါကျလို့ရှိရင် မင်းသည် သေပွဲတွေ ဝင်ရလိမ့်မယ်ဆိုတော့၊ ဆရာသမားနဲ့ ဘုရားနဲ့ တူတယ် (တင်ပါဘုရား)။

## အမောသမားနဲ့တူ

အစ်မတို့နဲ့ မောင်ချစ်ဆွေတို့ လူစုနဲ့ သံသရာ အငတ် မပြေဘဲနဲ့ သေလာတဲ့ အမောသမားနဲ့ တူတယ် (တင်ပါဘုရား)၊ တွေ့ရာခင်လိုက်၊ တွေ့ရာ မင်လိုက်တော့ကို သောက်မိတာနဲ့ တူတယ် (တင်ပါဘုရား)။

အခုတော့ဖြင့် ဘယ့်နှယ်ဖြစ်နေကြတုံးဆိုတော့၊ ခင်ပွန်း လုပ်တဲ့ပုဂ္ဂိုလ်ကလည်း ခင်ပွန်းမ ပူ၊ သားပူ၊ ခင်ပွန်းမ လုပ်တဲ့ ပုဂ္ဂိုလ်ကလည်း ခင်ပွန်းသည်ပူ၊ သားပူ၊ သမီးပူ၊ ခုတော့ သောက်မိကြတော့ ဒီဝေဒနာတွေဟာ အသီးအသီး နေ့တိုင်း ရောက်နေတာပဲ (တင်ပါဘုရား)။

တစ်ယောက်က နေမကောင်းလိုက်၊ အင်း တစ်ယောက် က ဆဲလိုက် ဆိုလိုက်၊ တစ်ယောက်က ဟိုဟာမှ စားချင်တယ်၊ ဒီဟာမှ စားချင်တယ်စိတ်များပျက်ပါပေါ့၊ ဆိုတော့ ဒုက္ခ ဒေါမနဿတွေဟာ နေ့တိုင်းရောက်တာပဲ (ရောက်ပါတယ် ဘုရား)။

## အိမ်ထောင်မပြုရင်ဒါတွေမလာဘူး

အဲဒီ ဒုက္ခ၊ ဒေါမနဿနေ့တိုင်းရောက်တော့ နဂိုက သောက်မိလို့ဖြစ်တာ၊ အိမ်ထောင်မပြုလို့ရှိရင် ဒါတွေ မလာ ပါဘူး၊ ခင်ပွန်းလည်း မလာဘူး၊ သားသမီးလည်းမပွားဘူး၊

အဲတော့ သံသရာ့ခရီးသည် အငတ်က မပြေတော့၊ စာတွေကလည်း ပြောကြပါရဲ့၊ တရားတွေကလည်း ဟောကြပါရဲ့၊ အဲဒီတော့ ကိုယ်က အငတ်သမားဆိုတော့ သောက်မိတာပဲ (တင်ပါဘုရား)၊ ရိပ်မိပလားကွ (ရိပ်မိပါပြီဘုရား)။

မင်းတို့မှာ အခု ဘယ်အခြေအနေဆိုက်နေတုံးဆိုတော့ အူပြတ်တဲ့ ကီစွပဲ ကျန်တော့တယ်၊ သောက်တော့ ပြီးနေပြီ (တင်ပါဘုရား)၊ ဘာကျန်တော့သတုံး (အူပြတ်တဲ့ကီစွ ကျန်တော့ပါတယ်ဘုရား) အူပြတ်တာနဲ့ သေပွဲနဲ့၊ ငိုပွဲနဲ့၊ မျက် ရည်ကျပွဲနဲ့၊ မကောင်းတာဟူသ၍ အကုန်လာတော့မယ်ဆိုတဲ့ ဥစ္စာတော့ဖြင့်၊ ဒါ ဘာမှ သံသယ မရှိနဲ့ အကုန်ဒို့ဟာချည်းမှတ်ထား (တင်ပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဘာဖြစ်လို့တုံး နဂိုကပြောသားပဲ ဆရာသမားက၊ အဲအာရုံဆိုတာ နှိပ်စက်တတ်တယ်ကွ၊ မဖြစ်သေးရင် ကီစွမရှိဘူး၊ ဖြစ်ပြီဆိုမှဖြင့် ခက်တယ်ကွ၊ လူကြီးတွေကလည်း ပြောကြတာပဲ (တင်ပါဘုရား)။

အမေမိဘကလည်း ထိန်းသိမ်းတယ်၊ သမီးတို့များ အိမ်ထောင်များ မပြုလိုက်ပါနဲ့၊ ဒို့ပြုမိလို့ ဆင်းရဲကုန်ပြီ ဆိုတာလည်း ဆရာသမားလိုပဲ ပြောရှာကြတယ်၊ အင်း အမေ အဖေတွေကလည်း ပြောရှာကြတယ် (တင်ပါဘုရား)။

## သောက်မိမျိုမိကြတယ်

အဆိပ်နဲ့ ရောထားတဲ့အရက်နော်၊ သွားမသောက်နဲ့ သောက်လို့ရှိရင် မင်းဒုက္ခရောက်လိမ့်မယ်၊ ပြောပေမယ့်လည်း ကိုယ်က အငတ်က မပြေဘဲနဲ့ သေလာခဲ့တဲ့ပုဂ္ဂိုလ်တွေက ဖြစ်နေတော့၊ ဒီလိုပဲ အာရုံအငတ်ပြဿနာကြီးက ထကြွ သောင်းကျန်းလာပြန်တော့ သောက်မိ မျိုမိကြတယ်။

အခု အခြေအနေတော့ဖြင့် ပြောဖို့ရာ မလိုတော့ဘူး၊ သောက်ပြီး မျိုပြီးဖြစ်နေတော့ အဆိပ်ဝမ်းထဲရောက်ပြီး သကာလ၊ သားပူ၊ သမီးပူ၊ ဆွေပူ၊ မျိုးပူ ဟူသရွေ့ဟာ သောက်မှုကလာတာချည်း ဆုံးဖြတ်ချက်ချ (တင်ပါဘုရား) သဘောပါကြပလား (သဘောပါပြီဘုရား)၊ အစ်မ ရှင်းပလား (ရှင်းပါပြီဘုရား)။

## ကိုယ့်အပေါ်ရောက်နေတဲ့တရား

သူများတရားလား၊ ဒို့အပေါ်ရောက်နေတဲ့တရားလား ဆိုတာ ဘာမှ သံသယရှိဖို့ မလိုတော့ဘူး (တင်ပါဘုရား)၊ ဒို့ အပေါ်ရောက်နေတဲ့တရားပဲကွ (တင်ပါဘုရား)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

အဲဒီတော့ကိုတဲ့ မင်းတို့သည်ကားဆိုလို့ရှိရင်ဖြင့် ခြောင် . . အလွဲထဲကဖြင့် လွဲကုန်ပေါ့ ဘယ်လိုလုပ်ပါ့မတုံး၊ ကိုင်း -

ဒါဖြင့် ဒီအဆိပ်တွေကလည်း ဝမ်းထဲရောက်နေပြီ၊ အဆိပ်ပြေဆေးသောက်ရလို့ရှိရင် သေပွဲဖြင့် လွတ်ကောင်းပါသေးရဲ့ ဒါပဲတွေးစရာရှိတယ်။

အဆိပ်တွေကလည်း ဝမ်းထဲရောက်နေပြီ (ရောက်နေပါပြီဘုရား)၊ အဆိပ်ပြေဆေးလေး တစ်ခုကို အားကိုးရာလေးတော့ဖြင့် မသေခင်မို့ ရှိသေးတယ်၊ နို့မဟုတ်ရင် သူတို့အကြိုက်နဲ့ သူတို့ဒီပဲသွားဦးမှာကို (သွားဦးမှာပါဘုရား) မသွားပေဘူးလား (သွားပါတယ်ဘုရား)။

## အရပ်သဘောကဒါဘဲပြောမှာပဲ

အဲတော့ ဘေးကလူပြောတာကို မယုံနဲ့တဲ့၊ အဆိပ်နဲ့ရောထားတဲ့ အရက်ကို မသောက်ပါနဲ့လို့ မိဘက အမှန်ပြောတာသာယူ၊ ရိုးရာကို မယူနဲ့ ရိုးရာကတော့ဖြင့် သူတို့လည်းသောက်ပြီးလို့ရှိရင် ကဲ ဒို့လည်း သေပွဲဝင်မှာပဲ၊ သူတို့လည်းတွန်းမှပဲ၊ ညည်းအချိန်ရောက်ပေါ့ ဘာလုပ်နေသေးတုံး၊ တော်ကြာကြီးမှ ဆိုလို့ရှိရင် ဘာမှ အခြေအနေဆိုက်မိမှာမဟုတ်ဘူး၊ အရပ်သဘောကတော့ အစ်မ ဒါပဲ ပြောမှာပဲ (တင်ပါဘုရား)၊ မင်းကိုလည်း အရပ်သဘောက ဒါပဲ ပြောမှာပဲဟုတ်ဘူးလား (မှန်ပါဘုရား)။

ခုနက အဆိပ်နဲ့ ရောတဲ့အရက် မသောက်ပါနဲ့ဆိုတဲ့ လူကတော့ အမေအဖေပဲ ရှိတယ် (တင်ပါဘုရား)၊ ကျန်တဲ့ ကိုယ့်လိုရွယ်တူ တန်းတူတွေကတော့ဖြင့် ငါ့လူ ခုထက်ထိပဲ လူပျိုကြီးလုပ်နေတုန်းလား၊ အပျိုကြီးလုပ်နေတုန်းလား၊ အစရှိသည်နဲ့ သောက်ပါ သောက်ပါ၊ ဒါမှ သေပွဲဝင်တာ သိချင်လို့၊ သဘောပါကြပလား (ပါ ပါတယ်ဘုရား)။

## မင်းတို့လင်မယားကိုဟောနေတာ

ဘုရားပေးတဲ့ဥပမာ သမ္မသနသုတ်နော် (တင်ပါဘုရား) အဲဒီလောက် ဆိုးရွားနေတာ၊ အခုဟာ သူများဟောနေတယ်ဆိုတာ တစ်လုံးမှ မပါပါဘူး၊ ပါသေးလား (မပါပါဘုရား)၊ မင်းတို့အကြွင်လင်မယားကိုပဲ ဟောနေတယ်လို့ ဆုံးဖြတ်ချက်ချ (တင်ပါဘုရား)။ သဘောပါပလား (ပါပါတယ်ဘုရား)။

အခုသောက်ပြီးနေကြပြီ၊ သောက်ပြီးနေကြ‹ တစ်နေ့များ ဘဝင်အေးအေးနဲ့ သားသမီးကိစ္စ မပြောရ‹ မဆူရတဲ့နေ့၊ မပူရတဲ့နေ့၊ မဆွေးရတဲ့နေ့ ရှိကြရဲ့လ‹ မေးလို့ရှိရင်ဖြင့် သစ္စာဆိုတောင်စူးပါတယ်။ တစ်နေ့မှ မလွတဖူးပါဘူးဆိုတာပါမှာဘဲ၊ မပါပေဘူးလား (ပါ ပါတယ်ဘုရား)၊ ဘယ်လောက်ဆိုးတုံးကွ (ဆိုးပါတယ်ဘုရား)။

သွားနေတုန်းပေါ်တာလည်း ဒါအဆိပ်သင့်တာပဲ (တင်ပါဘုရား)၊ ပြန်လာလို့ရောက်လာရင်လည်း မင်းနဲ့နှီးနွယ်လာလို့ သူက အဆိပ်သင့်နေပြန်ပြီ၊ သောက်မိလို့လေကွာ၊ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)၊ အတော်ဆိုးနေတာကွ (ဆိုးပါတယ်ဘုရား)

အဲဒါ နဂိုကသောက်ထားတဲ့အဆိပ်က ခုမှကြွလာတာ၊ (တင်ပါဘုရား)၊ နဂိုက သောက်ထားတဲ့အဆိပ်က (ခုမှကြွလာတာပါဘုရား) ခုမှကြွလာတာဆိုတဲ့ဥစ္စာဖြင့် ရှင်းလောက်ပါပြီ (ရှင်းပါပြီဘုရား)။

ဒါအကြွကြီးရှိသေးတယ်လို့ ဆရာဘုန်းကြီးကဖြည့်စွက်ပြန်တယ် (တင်ပါဘုရား)၊ အကြွကြီးတစ်ခါတည်း အရှက်တကွဲအကျိုးနည်းကိစ္စတွေ ရှိသေးတယ်၊ မောင်ချစ်ဆွေ (မှန်လှပါဘုရား) အရှက်တကွဲအကျိုးနည်းကိစ္စတွေ အများကြီးရှိသေးတယ်။

ဒိပြင်မကြည့်ပါနဲ့၊ ဒီအဘွားကြီးတွေကြည့်ပါတဲ့၊ အရှက်တကွဲအကျိုးနည်းကိစ္စတွေ၊ ဘုန်းကြီးမှာပစ်ခဲ့တာပဲ ယနေ့၊ ဘာမှမတော်ဘူး ခင်ဗျား သံယောဇဉ် မယုက်လို့ပေးတာဆိုရင်လည်း ဆိုချင်ဆိုတော့၊ သူ့မှာလည်း ဒီအရည်သောက်မိလို့ ဒီအလုပ်မှားတာတွေလည်း အကုန်လုပ်တော့တာ (တင်ပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

## အဆိပ်ဒဏ်ချက်ခံရပြီ

ဒါ ပီယသာတ သဘောတွေလေ၊ ဒီကလာတာဆိုတာ ရှင်းကြပလား (ရှင်းပါပြီဘုရား)၊ ပြော် မင်းတို့သည်ကားလို့ ဆိုလို့ရှိရင်ဖြင့်၊ ဘေးက အမေ မိဘကလည်း အဆိပ်နဲ့ရော ထားတဲ့အရက် မသောက်လိုက်ပါနဲ့ဆိုတော့ မင်းတို့ကလည်း သောက်မိ၊ အစ်မကလည်း သောက်မိ၊ မင်းကလည်း သောက်မိ၊ ခုတော့ဖြင့် သောက်တဲ့လူအပေါင်းဟာဖြင့် အဆိပ်ပါနေတော့၊ ဒီအဆိပ်ဒဏ်ချက်တော့ဖြင့် ခံကြရမှာပဲ၊ မခံရပေဘူးလား (ခံရပါတယ်ဘုရား)။

## အပျိုကြီးလုပ်နေမယ်ဆိုရင်

နဂိုက အပျိုကြီးလုပ်နေမယ်၊ မင်းကလည်း လူပျိုကြီး လုပ်နေမယ်ဆို အဆိပ်ဒဏ်ချက်သင့်ကို မသင့်ဘူး (မသင့်ပါဘုရား) သင့်စရာမြင်သေးလား၊ (မမြင်ပါဘုရား) အခုတော့ဖြင့် အင်း လုပ်နိုင်သ၍ ကျွေးနိုင်သ၍ ကျွေး၊ လုပ်နိုင်သ၍ လုပ်၊ စုနိုင်သ၍ စု၊ အပါယ်ကျနိုင်အောင်က အကုသိုလ်တွေစုလုပ်ပြီး အဆိပ်သင့်စရာတွေကြောင့် အဆိပ်သင့်တဲ့ကိစ္စတွေက တိုးတိုး တိုးတိုးက ကျယ်ကျယ် ကျယ်ကျယ်လာတယ်၊ မကျယ်လာဘူးလား၊ (ကျယ်လာပါတယ်ဘုရား)။

သားစာ သမီးစာကအစလုပ်ရလိမ့်မယ်၊ ဟာ လုပ်တာ တော့လုပ်ပါတဲ့၊ ခင်ဗျားဟာ အပါယ်မသွားပေဘူးလား၊ အင်းသွားချင်သွား မတတ်နိုင်တော့ဘူး ခုတော့ သူတို့ငတ်မှာ၊ သူတို့ပြတ်မှာ၊ သူတို့လူချင်းမတူမှာစိုးရိမ်တယ်၊ အောင်မလေး ကြောက်စရာကြီးပါလား (တင်ပါဘုရား)၊ အကုန်လာနေတာပဲ (တင်ပါဘုရား)။

## အဆိပ်တုံးကြီးဖြစ်နေပြီ

ဘယ့်နှယ့်တုံးကွ၊ တစ်ကိုယ်လုံးကို အဆိပ်ချည်းဖြစ် နေပြီကွ၊ အဆိပ်တုံးကြီးဖြစ်နေပြီ (မှန်ပါတယ်ဘုရား) အင်း (အဆိပ်တုံးကြီးဖြစ်နေပါပြီဘုရား) အဆိပ်တုံးကြီးဖြစ်နေပြီ တစ်ကိုယ်လုံးမှာဖြင့်၊ တစ်ခါတည်း သူတို့အကြောင်းနဲ့ ပတ် သက်ရင်၊ မျက်နှာများညိုပြီး တစ်ကိုယ်လုံးများအေးသွား တဲ့အခါ ပါလိုက်သေးတယ်၊ သွေးတွေ ဘာတွေ တစ်ကိုယ် လုံးတက်တာ၊ သူတို့ကိစ္စများကြုံလာရင် (တင်ပါဘုရား) အဆိပ် သင့်လိုက်တာ၊ မလာဘူးလားကွ (လာပါတယ်ဘုရား)။

တချို့ ဒီမှာ ထကြွသောင်းကျန်းပြီးလာတော့၊ ဟာ ဘာဖြစ်လို့တုံး၊ နဂိုကသောက်ထားတဲ့ ပီယသာတဖြစ်တဲ့အ ရက်သောက်ထားတဲ့ဥစ္စာ ခုမှအဆိပ်သင့်တာ မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား)။

## အပါယ်ကျမယ့်အလုပ်

အဲတော့ အဆိပ်ကလည်း တစ်နေ့ ဘယ်နှစ်ခါသင့် သတုံး၊ ဒါ အသင့်ကလေးရှိသေးတယ် မောင်ချစ်ဆွေရ၊ အသင့်ကြီးကျန်သေးတယ်၊ အပါယ်ကျမယ့် အလုပ်ကြီး ဟုတ်လား (မှန်ပါ့ဘုရား)၊ မသေချင်ဘဲနဲ့၊ ဝိညာဉ်မချုပ်ချင်ဘဲနဲ့ မျက်ရည်ကြီးငယ်ကျပြီး သေရမယ့် ပွဲကြီးကျန်သေးတယ် (တင်ပါ့ ဘုရား)။

ရှိသေးတယ်၊ အဆိပ်သင့်တဲ့ ဒဏ်ချက်တွေကလာဦးမှာ သဘောပါပလား (သဘောပါပါပြီဘုရား)၊ ဒါ ဘယ့်နှယ်ကြောင့် ဒီလောက်တောင် အဖြစ်ဆိုးကြီးနဲ့ အစ်မတို့ မောင်ချစ်ဆွေတို့ ကြုံပါလိမ့်မလဲ၊ ဩော် ဘေးကတော့ပြောသား ဘုရား၊ ကိုယ်က လည်း အငတ်သမားမို့ သွားသောက်မိတယ်၊ သောက်မိလို့ အခု အဆိပ်သင့်တာဘုရား၊ ဒါပဲ အဖြေထွက်ဖို့ ရှိတော့တယ် (တင်ပါဘုရား)၊ သဘောပါပလား (သဘောပါပါပြီဘုရား)။

## ဒီတစ်အိမ်တည်းအဆိပ်သင့်တာလား

ဒါ ဒီအိမ်တင် အဆိပ်သင့်တာလားလို့ မေးတဲ့ အခါ ကျလို့ရှိရင်၊ ဟိုအိမ်ကြည့်ပြန်တော့လည်း ဒီလိုပဲ၊ ဟိုဘက် အိမ်ကြည့် လိုက်ပြန်တော့ကော (ဒီအတိုင်းပါပဲဘုရား)။

ဒါဖြင့် မြို့ထဲရွာထဲမှာ ဒီအငတ်ပြဿနာကြောင့် သောက်မိတဲ့ အိမ်တွေက အများကြီးဖြစ်ပြီး အကုန်လိုလို ဖြစ်နေတော့ အင်းရိုးရိုးသေတော့ရှိမယ် မထင်ပါဘူး အဆိပ်သင့် သေတာရှိမှာပါပဲ၊ ပြောရတော့မှာပဲ၊ (ပြောရမှာပါဘုရား)။

ရိုးရိုးသေတော့ မရှိဘူး ဒါစိတ်မချလက်မချနဲ့ သေမှာ ချည်းပဲ၊ ဘယ့်နှယ့်တုံးကွ (စိတ်မချ လက်မချနဲ့ သေမှာပါဘုရား) စိတ်မချလက်မချနဲ့၊ စာရင်းမချုပ် အင်းမချုပ်နဲ့ သေမင်း နိုင်ငံလိုက် ရတာတောင်မှ ငြင်းမရလို့ လိုက်ရတာ (တင်ပါ့ဘုရား) အသေ ကတော့ အသေဆိုးပဲ ပေါ်ကြပလား (ပေါ်ပါတယ်ဘုရား)။

ဘာဖြစ်လို့ ဒီအသေဆိုးနဲ့ သေရပါလိမ့်မတုံး၊ အို အဆိပ်က ခုမှ ဝမ်းထဲရောက်ပြီးတော့ သောကာ၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿတွေက အတွင်းက ကြွလာတာဘုရား ဆိုလို့ရှိရင် ငြင်းဖို့လို သေးလား (မလိုပါဘူးဘုရား)။

## အဆိပ်မသင့်ရင်သေပွဲမရှိ

ကိုင်း ဒါဖြင့် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက လမ်းပြဖော်ပြီးတော့ မသောက်နဲ့ဆိုတာ ဘေးက ငတ်လွန်းတယ် ကွာ ဆိုထိုက်ဘူးလား (ဆိုထိုက်ပါတယ်ဘုရား) ငတ်လွန်းလို့၊ အဲတော့ မသောက်နဲ့ဆိုတဲ့အတိုင်း မသောက်ဘူးဆိုလို့ရှိရင်တဲ့ သေပွဲမရှိဘူး (တင်ပါဘုရား)၊ အဆိပ်မသင့်လို့ သေပွဲမရှိဘူး၊

မသောက်နဲ့ဆိုတာ သောက်မိတဲ့အတွက်တဲ့ ငိုပွဲတို့၊ သေပွဲတို့၊ ကြောင့်ကျပွဲတို့ (တင်ပါဘုရား)။

သားမျက်နှာလေးကို ပီယသာတဖြစ်နေတော့၊ ချွေးမက အော်လိုက်တာများ ခံရမယ့်ကိစ္စတွေက ရှိသေးတယ်၊ ရှိသေးတယ် ရှိသေးတယ် (လာမှာပါဘုရား)၊ လာမှာပဲ၊ လာမှာပဲ၊ ဒီအဘိုးကြီး အဘွားကြီး တွေကလည်း ဆိုတဲ့ ကိစ္စက ခပ်ကျယ်ကျယ်နဲ့၊ သူကလည်း ငွေရှာနိုင်မယ်ဆိုလို့ရှိရင်၊ သူကလည်း သားမဖြတ်နိုင်လို့၊ သွားသွားကြည့်မယ်ဆိုရင်၊ အော်လုံး ငေါက်လုံးတွေခံရမယ့် ဥစ္စာတွေလည်း၊ ရင်ထု မြေလူးတွေကလည်း မောင်ချစ်ဆွေ လာဦးမယ်ကွ (လာမှာ ပါဘုရား)။

လာမယ် . . လာမယ် . . ဒီလိုတွေပြည့်လို့ (တင်ပါ့ဘုရား) ဒီလိုတွေ ပြည့်လို့ (တင်ပါ့ဘုရား)၊ ဟုတ်ပါဘူး မင်းပိုက်ဆံ တစ်ပြားရှာလာ ပေးနိုင်တာ မဟုတ်ဘဲနဲ့ ဘာလို့ လာတာတုံး၊ တွေ့ချင်ဒီကို အကြောင်းကြားလိုက်ပါလား၊ အကောင်းပြော တာပါ လမ်းလဲမှာစိုးလို့ (တင်ပါဘုရား) အင်း သူက ဖုံးလိုက် သေးတယ်။

ဒီကလည်း အငတ်ကလည်း မပြေသေး နောက် ကလည်း သောက်ချင်သေး၊ နောက်ကလည်း သောက်ချင်သေး တော့ သွားမိ လာမိပြန်တာပဲကွ၊ သွားမိ လာမိပြန်တော့

အအော်ခံရတယ် (မှန်ပါဘုရား) မခံရဘူးလား (ခံရပါတယ် ဘုရား)။

အအော်ခံရတဲ့အခါကျလို့ရှိရင် ဆိုရက်လေခြင်း၊ ပြောရက်လေခြင်း၊ ဩော် . . . အောင့်သာခံလိုက်ရတယ် ဒီအဖြစ်မျိုးဟာ ဖြစ်လိမ့်မယ်လို့ မထင်ဘူးဆိုတော့ ကိုယ် ကလော်ကွတ်ချော်လို့ဖြစ်ရတာပဲ (တင်ပါဘုရား)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

## အရှင်ဘုရားနဲ့မတွေ့ခဲ့လို့ပါ

နဂိုကသောက်မိတယ်ကွာ၊ နောက်ထပ်သောက်မိလို့ အအော်ခံရတယ်၊ နောက်ထပ်အဆိပ်သင့်တာပဲ (တင်ပါဘုရား) ပေါ်ပလားကွ (ပေါ်ပါပြီဘုရား)၊ အောင်မလေး ကြောက်စရာ ကြီးပါလား မင်းတို့ ဇာတ်ထုပ်က (အရှင်ဘုရားနဲ့ နဂိုကမှ မတွေ့ပဲ) တွေ့လည်း သောက်မှာပဲ၊ ဘုန်းကြီးမတွေ့ပေမယ့် အမေနဲ့တော့ တွေ့သားပဲ။

ညည်းတို့ သား လင်ခင်ပွန်းကိစ္စ မစဉ်းစားကြနဲ့၊ ဒို့ကြည့် ဆိုတာ သူတို့ပြောတယ် (တင်ပါဘုရား) ပြောဘူးလား (ပြောပါ တယ်ဘုရား) ပြောပါတယ်၊ ဘုန်းကြီးများကတော့ ရှိပါစေတော့ မတွေ့တာ အမှန်ပါပဲ၊ ဘုန်းကြီးလိုပဲ ကိုယ်တွေ့သမားက စာတွေ့ကို ပြောတာ၊ ဟိုကိုယ်တွေ့သမားက ပြောတာ အဲဒါမှ

မယုံပဲ စာတွေ့သမားဆိုတော့ ပိုမယုံမှာပေါ့ကွ၊ အတော် မဆိုးဘူးလား (အတော်ဆိုးပါတယ်ဘုရား)။

## အဆိပ်တွေကဝမ်းထဲမှာပုံနေပြီ

ဒါ အရွယ်က မြောက်တာ (တင်ပါဘုရား)၊ ဝယမှာ နေတာ သိပ်ကြောက်စရာကောင်းတာ၊ ဝယအရွယ်ရှိတာကို (တင်ပါဘုရား)၊ သဘောပါပလား (သဘောပါပါပြီဘုရား)၊ ကိုင်း ဒါဖြင့် ဒီအဆိပ်တွေကဖြင့် ဝမ်းထဲမှာဖြင့် ပုံနေပြီ၊ အကြီးကိစ္စနဲ့ ဘယ်လောက်အပူတွေ့ခဲ့ပြီတုံး၊ အလတ်ကိစ္စနဲ့ အပူပေါင်း ဘယ်လောက်တွေ့ခဲ့ပြီတုံး၊ အငယ်ကိစ္စနဲ့ အပူပေါင်း ဘယ်လောက်တွေ့ခဲ့ပြီတုံး၊ ခင်ပွန်းနဲ့ တည်ထောင်ပြီးတဲ့ အချိန် ကစပြီး သကာလ ဒီခင်ပွန်းနဲ့ ပတ်သက်ပြီး သူ့ မောင်နှမတွေနဲ့ ခင်ပွန်းလည်း မပြတ်နိုင်၊ မောင်နှမတွေက မျက်စောင်းထိုး တာလည်း မနည်းခံရနဲ့ ဒါတွေကော ဘယ်လောက်တွေ့ပြီး ပြီတုံးလို့ အစ်မကိုမေးရင် ဘယ့်နှယ် ဖြေပါ့မတုံး (အများကြီး တွေ့ဖူးပါပြီဘုရား)။

## အဆိပ်တွေထကုန်ပြီ

အများကြီး တွေ့ဖူးပြီ ဒါအဆိပ်ချည်းပဲ (တင်ပါဘုရား) အဆိပ်တွေထကုန်ပြီ၊ မင်းကလည်း ထိုနည်းတူပဲ ဟုတ်လား၊

ဒို့လည်း ဆွေနဲ့ မျိုးနဲ့ပဲ၊ ဒါတော့သည်းခံရမှာပေါ့ မတတ်နိုင်ဘူး၊ အလိုကျတာလည်းပါရဲ့၊ မကျတာလည်းပါရဲ့ ရှိတာပဲ သူ့ဘက်လည်း (ရှိပါတယ်ဘုရား)၊ ရှိတာပဲ၊ သဘောပါပလား (သဘောပါပါပြီဘုရား)။

ဒါ ဘယ်နှယ်ကြောင့်တုံးလို့ မေးတဲ့အခါကျတော့ မင်းအလိုမကျမှုတွေ၊ ကျမှုတွေကလည်း ပြောလည်း မပြောချင်ဘူးလေ၊ ကိုယ့်ဘက် သူ့ဘက်ဆိုတာ အပြောကလည်း သိပ်ခက်ဘယ် လာပြီ ဒေါသကတော့ ဖြစ်နေပြီ (တင်ပါဘုရား) ဒါတွေဖြစ်နေတော့ ဒါအဆိပ်သင့်တာကွ၊ အဆိပ်မှ အငယ်အဆိပ်သင့်တာ (တင်ပါဘုရား)။

## အပါယ်ကျမည့်အဆိပ်

သာမညအဆိပ်၊ သေအောင်တင်နှိပ်စက်တဲ့ အဆိပ်လို့ ခမောင်ချစ်ဆွေက မအောက်မေ့နဲ့ အပါယ်ကျလောက်အောင်သင့်တဲ့အဆိပ် (တင်ပါဘုရား) ရှင်းကြပလား (ရှင်းပါတယ်ဘုရား)။

ဒါဖြင့် ရှေ့က စခန်းသွားခဲ့တာက အကောင်းချည်းပဲသား၊ အဆိုးဟူသ၍ အကုန်လာမှာပဲလားဆိုတာလည်း ခေါက်ထားတဲ့ ပီယသာတက အတော်ပြင်းတယ်၊ ရှင်းပလား (ရှင်းပါပြီ)။

သောက်ထားတဲ့ ပီယသာတကလေ (တင်ပါ့ဘုရား) ပြင်းတယ်၊ တပည့်တော်တို့ ရှေ့ကံဇာတာများ ဘယ့်နှယ်တုံးလို့ မမေးပါတော့နဲ့နော် မေးဖို့မလိုပါဘူး၊ အဆိပ်ဆိုတာက ကြာလေ ဆိုးရွားလေပါ (တင်ပါဘုရား)၊ သဘောပါပလားကွ (သဘောပါ ပါပြီဘုရား)။

## အဆိပ်ဆိုတာကြာလေဆိုးလေ

အဆိပ်ဆိုတာက (ကြာလေ ဆိုးရွားလေပါဘုရား) အင်း မသောက်မိမှ မဆိုးရွားမှာကို (တင်ပါဘုရား) သောက်မိတဲ့ ပုဂ္ဂိုလ်ကတော့ လာလိမ့်မယ်၊ ကိုယ့်သားသမီးကလည်း ကိုယ့်ကို မျက်စောင်းထိုးကာ အော်ကာ ငင်ကာ၊ ကွယ်ရာကနေပြီး အတင်းပြောတာတွေ၊ အင်းလာဦးမယ်၊ အဲဒီကျလာတဲ့ အခါကျတော့မှ ကျုပ်သေလို့မရလို့ သေလိုက်ချင်တယ် ကိုချစ်ဆွေရဲ့ဆိုတာ လာဦးမှာ၊ လာဦးမှာ (လာမှာပါဘုရား)။

လာမှာပါ၊ တိုင်ပင်စရာ ဒီအဘိုးကြီး ဒီအဘွားကြီး ရှိတာကို၊ ဒီကျတော့ အဘိုးကြီး၊ အဘွားကြီး ဖြစ်ကုန်ပြီကိုးကွ အတော့်ကို ခက်ဦးမယ့်ကိစ္စတွေက ရှိသေးတယ်ဆိုတော့ ကဲ ဒါဖြင့် ဘုန်းကြီးကပဲ၊

## အဆိပ်တွေသောက်ပြီးကြပြီ

ကဲ. . မင်းတို့နှစ်ယောက်တော့ အဆိပ်တွေသောက်ပြီးကြပြီကွာ၊ သို့သော်လည်း မသေသေးဘူးကွ၊ အဆိပ်ကြွဦးမလို့ ရှိသေးတယ်၊ မျက်ရည်ကြီးငယ် ကျရရုံပဲ ရှိသေးတယ်၊ ခန္ဓာသေပြီး အပါယ်ကျလောက်အောင်တော့ မင်းတို့ အဆိပ် မဖြစ်သေးဘူး၊ ဟုတ်ဘူးလား (မှန်ပါတယ်ဘုရား)။

အဆိပ်တွေကတော့ ကြွနေပြီ သေအောင်တော့ နှိပ်စက်မှာပဲ၊ သေပြီးသည့်အခြားမဲ့၌ အပါယ်ရောက်အောင် လည်း နှိပ်စက်မှာပဲ၊ အဲတော့ ဝမ်းထဲမှာရှိတဲ့အဆိပ်ကို အဆိပ်ဖြေဆေး သောက်နိုင်ရင်သောက် (တင်ပါဘုရား)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

## အဆိပ်ဖြေဆေးသောက်ပါ

အဆိပ်ဖြေဆေး (သောက်နိုင်ရင် သောက်ပါဘုရား) ပြီးတော့ အဆိပ်ရှိနေတဲ့ ပုဂ္ဂိုလ်က အဆိပ်ဖြေဆေးကို တစ်နေ့ နည်းနည်းသောက်ရင် တော်လောက်ထင်ပါရဲ့လို့တော့ မလုပ်နဲ့ (တင်ပါဘုရား)၊ စကားတတ်လို့ပြောတာ မဟုတ်ပါဘူးကွ၊ အဆိပ်က နည်းတာမဟုတ်ဘူးကွ၊ သောက်ထားတာ (မှန်ပါ ဘုရား)၊ အစ်မ ရိပ်မိပလား၊ မပေါ်ဘူးလား (ပေါ်ပါတယ် ဘုရား)။

သောက်ထားတဲ့ အဆိပ်နဲ့ဖြေဆေးက နည်းနေလို့ရှိရင် လည်း မောင်ချစ်ဆွေ၊ ဖြေဆေးက ရသေ့စိတ်ဖြေ၊ ဟုတ်ဘူး လား (မှန်ပါဘုရား)။

အဲတော့ကိုတဲ့ ဒီလိုလုပ်ကြပါတဲ့၊ ကိုင်း. နောက်ထပ် သောက်ပြန်လို့ရှိရင်လည်း ဒီထက်အရှုံးတော့ မရှိတော့ဘူး၊ သေလို့ မကောင်းအောင် လုပ်တဲ့ အဓိပ္ပာယ်ရောက်သကိုကွ (တင်ပါဘုရား)။

## အားကိုးရမယ်ထင်လိုက်တယ်

အဲဒီတော့ ဒီလိုလုပ်ကြစို့ရဲ့၊ ဝမ်းထဲမှာ ရှိတဲ့ အဆိပ်တွေကို နဂိုက မှားသောက်မိတာ၊ ဒါ မှားသောက်တာ၊ ဘယ်လို မှားသောက်မိတုံး ဆိုလို့ရှိရင် ဒီသားအာရုံ သမီးအာရုံ ကိုယ်ခန္ဓာ အာရုံပေါ့လေ (တင်ပါ့ဘုရား) နိစ္စထင်ပြီး အားကိုး ရမယ် ထင်လိုက်တာ (တင်ပါဘုရား)။

မောင်ချစ်ဆွေ ယူမိတာလည်း (၁) **နိစ္စ** ထင်လိုက်တာ (တင်ပါဘုရား) တစ်ခါ (၂) **သုခ** လို့လည်း ထင်လိုက်တယ် (တင်ပါ့ဘုရား) (၃) **အတ္တ** လို့လည်း ထင်လိုက်တယ် (၄) **အရောဂ** တဲ့ သူနဲ့နေရလို့ရှိရင် ငါအနာရောဂါ ကင်းတယ်လို့ လည်း ယူလိုက်တယ် (၅) **ခေမံ** တဲ့ အင်းသူက အစောင့်

အရှောက်ဆိုတော့ ကိုယ့်ဘေးမရှိဘူးလို့လည်း ယူလိုက်တယ် ငါးချက်ယူလိုက်တယ် (တင်ပါဘုရား)။

## အဆိပ်ငါးချက်

အဆိပ်ကို ငါးချက်ဖြင့် ယူလိုက်တာကိုက္ဂ နိစ္စယူလိုက်တယ်ကွာ၊ သုခယူလိုက်တယ်ကွာ၊ အတ္တယူလိုက်တယ်ကွာ၊ အရောဂယူလိုက်တယ်၊ ခေမံဘေးမရှိဘူးလို့ ယူလိုက်တယ်၊ အရောဂျံဆိုတာ အနာကင်းတာ (တင်ပါဘုရား)။

မိန်းမဆိုတာ လူမလေးခွေးမခန့် အင်းသူ့ဟာက ယူပြီကွနော် (တင်ပါဘုရား)၊ လူမလေး ခွေးမခန့်ဆိုတော့ ဘေးရှိတယ်ပေါ့လေ (တင်ပါဘုရား)၊ အင်း သစ်တုံးကြားက အတက်ပေါက်ချင်တော့ အချိုးခံရတာတော့ မမြင်ဖူးဘူး ထင်ပါရဲ့၊ ကဲ ပေါ်ပလားကွ (ပေါ်ပါပြီဘုရား)။

ဒီငါးချက်ထင်ပြီးသောက်ချလိုက်တာဟော့ - တဲ့ ဘုရားက (တင်ပါ့ဘုရား)၊ ဒီပီယသာတကို (တင်ပါဘုရား) ပီယသာတဖြစ်တဲ့ အာရုံတွေကို ခင်လိုက်မင်လိုက်တာလေ (တင်ပါ့ဘုရား)။

နိစ္စထင်လို့ကွတဲ့၊ သုခထင်လို့ကွတဲ့၊ အတ္တလို့ပိုင်တယ်လို့ ထင်လို့ကွတဲ့၊ အနာကင်းတယ်ထင်လို့ကွတဲ့၊ ဘေးမရှိဘူး ထင်လို့ကွတဲ့၊ ဒီငါးချက်ကနေပြီး ခင်ပြီးသောက်ချလိုက်တာ

အိမ်ထောင်ပြုချလိုက်တာ၊ သားသမီးမွေးပြီး သောက်ချလိုက်ဘာ ဒါပဲတဲ့ (တင်ပါဘုရား)။

အဲတော့ကိုတဲ့ ဒီဆေးဟာဖြင့် အခု တော်တယ်ထင်လို့ ဝမ်းထဲမှာဖြင့် အခု အဖေက သားငယ်အတွက် အမေက ခင်ပွန်းအတွက် စိတ်မချရ၊ တစ်ခါတလေကျတော့ ပွဲရုံနေပြား သော်လည်း သူတစ်ယောက်တည်း ယောကျ်ားဖေါ် လေးထားခဲ့ ဦးမှထင်ပါရဲ့၊ ပူလိုက်တဲ့ဖြစ်ခြင်း မပြောပါနဲ့တော့ကွာ။

မင်းကလည်းသွားသာနေတယ် ဒီအချိန်ထိပြန်မလာ သေးဘူး၊ ဘာများဖြစ်နေပါလိမ့်၊ တယ်လီဖုန်းဆက်ဦးမှ ထင်ပါ ရဲ့နဲ့ ရှုပ်လို့ပဲမင်းတို့ဟာ (ရှုပ်ပါတယ်ဘုရား)၊ ကြည့်ပါလား အဆိပ်ကို အာရောဂျထင်နေတာ အနာကင်းတယ် သေးမရှိဘူး၊ ဒီလိုထင်ပြီးတော့ သောက်ကြတာကိုကွ (မှန်လှပါဘုရား)၊ ပေါ်ကြပလားကွ (ပေါ်ပါပြီဘုရား)။

## အနိစ္စ၊ ဒုက္ခလို့ ရှုပေးပါ

အဲတော့ ဒီငါးချက်ကို ငါးချက်စလုံးပြင်လိုက်ပါတဲ့ ကိုယ့်ခန္ဓာကော၊ သားသမီး ခန္ဓာကော၊ ခင်ပွန်းခန္ဓာကော (၁) အနိစ္စလို့ရှုပေးပါ (တင်ပါဘုရား)။ (၂) ဒုက္ခလို့ ရှုပေးပါ။ (၃) အနတ္တလို့ရှုပေးပါ၊ (၄) ရောဂလို့ရှုပေးပါတဲ့နော် (တင်ပါ ဘုရား)။

(၅) ဘယလို့ ရှုပေးလိုက်စမ်းပါတဲ့၊ ခုနငါးချက် အကုန်ပြင်ပြီး ရှုချက္ခတဲ့ (တင်ပါဘုရား)၊ ဖေါ်ပလား (ပေါ်ပါပြီ ဘုရား)။

## ဖြေဆေးငါးခွက်သောက်ပါ

ရှုချလိုက်လို့ရှိရင် ဝမ်းထဲမှာရှိတဲ့အဆိပ်က အကုန်ပြေ ထွက်သွားတယ်တဲ့၊ ရှင်းပလား (ရှင်းပါပြီဘုရား)၊ တချို့ အိမ်ထောင်ကျကြတယ်တဲ့ဘုရားက၊ အိမ်ထောင်ကျပြီးမှ ရဟန္တာမဖြစ်တာတွေရှိသေးတာပဲ။ ဒီဆေးငါးခွက်သောက်လို့ ကောင်းတဲ့ငါးခွက်သောက်ချလိုက်တာ (မှန်ပါဘုရား)။

အရင်သောက်ထားတာကတော့ မကောင်းတဲ့ငါးခွက်၊ အထင်မှားနဲ့သောက်လိုက်တာ ငါးမျိုး (တင်ပါဘုရား)၊ နောက်ကျတော့ မှားမှန်သိတဲ့အခါကျတော့ နောက်ဆေး ငါးခွက် ပြန်သောက်လိုက်တယ်။

## ရဟန္တာဖြစ်သွားကြတယ်

အနိစ္စရှုချလိုက်တယ်၊ ဒုက္ခရှုချလိုက်တယ်၊ အနတ္တရှုချလိုက်တယ်၊ ရောဂရှုချလိုက်တယ်၊ ဘယလို့ ရှုချလိုက်တယ်၊ ဒါတွေသေပြီတဲ့ (မှန်ပါဘုရား)၊ ရှုချလိုက်တဲ့အခါကျတော့ ရဟန္တာဖြစ်သွားကြတယ်၊ အပါယ်ကျအောင် ဒီအဆိပ်သင့်သေးရဲ့လား (မသင့်ပါဘုရား)။

ခုနက မျက်ရည်ကြီးငယ်ကျခဲ့တဲ့ကိစ္စတွေတော့ သောမာ တို့ ခုနက ကိသာဂေါတမီတို့ ဒါရဟာန္တာမတွေ တွေ့ကြ တာပါပဲ၊ တွေ့ပင်တွေ့ငြားသော်လည်း ဖြေဆေးငါးခွက် သူတို့က သောက်ဖြစ်တယ်။

သောက်ဖြစ်တဲ့အတွက်တဲ့ လွတ်ကင်းသွားတယ်ဆိုတာ သဘောပါပလား (သဘောပါပြီဘုရား)၊ အခုတော့ အဆိပ် တော့ ငါးခွက်သောက်ထားပြီ၊ ဖြေဆေးငါးခွက်သောက်ပါဆို တော့ တစ်စတစ်စသောက်မှ ထင်ပါရဲ့၊ မတော်ပျောက်သွား မခက်ဘူးလားထဲကများ ဖြစ်နေလိုက်သေး၊ အတော်ဆိုးတဲ့ အခိပ္ပါယ်ထဲ မရောက်ဘူးလားကွ (ရောက်ပါတယ်ဘုရား)။

## ခန္ဓာကြီးကို ဘေးတွေလို့ရှု

အဲဒီလို ဘုရားက ဒီငါးချက်နဲ့ မင်းတို့ခန္ဓာကို ကြည့်ပြီး အလုပ်လုပ်ပါ၊ သားသမီးအပေါ်၌လည်းကောင်း၊ မိမိခန္ဓာအပေါ် ၌လည်းကောင်း၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ရောဂ၊ ဘယလို့ရှုပေး (တင်ပါဘုရား)၊ ဒီခန္ဓာကြီးကို ဘေးတွေပဲ ဘေးတွေပဲလို့ ရှုပေး ပါကွာ ရှင်းပလား (ရှင်းပါပြီဘုရား)။

## အချိန်ရှိသေးတယ်၊ ရသေးတယ်

အဲဒီငါးချက်နဲ့သာ အဆိပ်ဖြေလိုက်လို့ရှိရင် အစ်မ အချိန်ရှိသေးတယ် ရသေးတယ် (တင်ပါဘုရား)၊ သဘောပါ

ပလား (သဘောပါပါပြီဘုရား) ကဲ ဒီအတိုင်း အလုပ်လုပ်တဲ့ အလုပ်စဉ်ပါ၊ ဘုရားကဟောတာပဲ (တင်ပါဘုရား)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ကဲ တော်ကြဦးစို့ . . . ။

သာဓု . . . သာဓု . . . သာဓု။